# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၃) ရက် ၊ ကြာသပတေးနေ့ ၊ (23-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၂၇)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ကမ္ဘာ့ရေနေ့ ၂၀၂၃ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် မတ် ၂၂**

ကမ္ဘာ့ရေနေ့ ၂၀၂၃ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့မိုးလေဝသနေ့

မတ် ၂၃ ရက် (ယနေ့)သည် ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီး တည်ထောင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် အဖွဲ့ဝင်နိုင်ငံများက အမျိုးသားမိုးလေဝသနှင့် ဇလဗေဒဌာနများ ခမ်းနားထည်ဝါစွာ ကျင်းပကြသည့်နေ့လည်းဖြစ်သည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေးဆိုင်ရာ ထိရောက်သည့် ကြိုတင်သတိပေးချက်များ၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ၏ အရေးပါမှုများကို ပိုမိုအလေးထားနိုင်ကြစေရန် ကျင်းပကြခြင်းဖြစ်ပေသည်။

၁၉၇၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများတိုးလာပြီး ကြိုတင်သတိပေးချက်များလည်း ထုတ်ပြန်ထားရသည်။ ထို့အတူ မိုးခေါင်မှုကြောင့် ပြီးခဲ့သည့်နှစ် ၅၀ အတွင်းက အသက်ဆုံးရှုံးမှုများခဲ့သည်။ အာဖရိကနိုင်ငံများဖြစ်သည့် အီသီယိုးပီးယားနိုင်ငံနှင့် ဆူဒန်နိုင်ငံတို့တွင် ၁၉၈၃ ခုနှစ်က လူပေါင်းလေးသိန်းခွဲကျော် သေဆုံးခဲ့သည်။ ထို့ပြင် မြစ်ရေကြီးမှု၊ အပူပိုင်းမုန်တိုင်းများကြောင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။ အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်းကဲ့သို့ မိုးလေဝသ၊ ရာသီဥတုလွန်ကဲမှုများကြောင့်လည်း လူတို့၏ စားနပ်ရိက္ခာအကျပ်အတည်းကို ဖြစ်စေသည်။

ကုလသမဂ္ဂ သဘာဝဘေးအန္တရာယ်လျော့ပါးရေးရုံး၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်အတွင်း မိုးလေဝသနှင့်ဆက်စပ်သည့် သဘာဝဘေးများကြောင့် လူဦးရေသန်း ၃၀ ရွှေ့ပြောင်းခဲ့ကြရပြီး လွန်ကဲမိုးလေဝသဖြစ်စဉ်များကြောင့် ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့် ဆင်းရဲတော်မွတ်မှုများ ဆိုးဆိုးရွားရွား ထိခိုက်ခံခဲ့ကြရကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီးအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာနိုင်ငံများ၏ အမျိုးသားမိုးလေဝသ၊ ဇလဗေဒဌာနများနှင့်ပူးပေါင်းပြီး လွန်ကဲမိုးလေဝသ၊ ရာသီဥတုဖြစ်စဉ်များ၏ ဆက်စပ်သည့် အန္တရာယ်များကို ခွဲခြားသတ်မှတ်ပြီး ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ စွမ်းဆောင်မှုများကို တိုးတက်လာစေရန်အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိနေပေသည်။ အလားတူ ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ တိုင်းထွာရရှိခဲ့သည့် မိုးလေဝသနှင့် ရာသီဥတုဖောက်ပြန်လွန်ကဲမှုများ ပိုမိုများလာနိုင်ခြေရှိကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအစိုးရများအဖွဲ့ **(Intergovernmental Panel on Climate Change-IPCC)** ၏ အစီရင်ခံစာတစ်စောင်က ခန့်မှန်းထားသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကိုယ်စားပြု ဒေသတွင်းနိုင်ငံများ၏ ရာသီဥတုခန့်မှန်းချက်များကို ရည်ညွှန်းချက်တစ်နှစ်နှစ်ကြိမ်ကျင်းပသည့် မုတ်သုံဖိုရမ်တွင် ချပြဆွေးနွေးပြီး ဖြစ်နိုင်ခြေရှိသည့် ရာသီဥတုအလားအလာများနှင့် ခန့်မှန်းချက်များအပေါ် မူတည်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားအဆင့် မုတ်သုံဖိုရမ်များကို ကျင်းပပြီး မုန်တိုင်းသတိပေးချက်၊ မိုးကြီးမည့် သတိပေးချက် စသည်တို့ကို ထုတ်ပြန်ပြီး သဘာဝဘေးဖြစ်ပေါ်နိုင်မှုအခြေအနေများကို စောင့်ကြည့်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုနှင့်အတူ ထူးခြားမိုးလေဝသဖြစ်စဉ်များ၊ သဘာဝဘေးအမျိုးမျိုးရှိကြသည့် မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်ဆိုင်ရာများကြောင့် ထိခိုက်ဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် သက်ဆိုင်ရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မျက်ခြည်မပြတ် စောင့်ကြည့်သတိပေးချက်များ ထုတ်ပြန်ပေးနေသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးကလည်း သတိပြုလိုက်နာကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးကုန်စည်ဒိုင်အတွင်း ကုန်စည်အရောင်းအဝယ်ပြုလုပ်မှုများ ဧပြီ ၁၂ ရက်မှ ဧပြီ ၁၈ ရက်ထိ ယာယီရပ်နားထားမည်



**မန္တလေး မတ် ၂၂**

မန္တလေးကုန်စည်ဒိုင်အတွင်း ကုန်စည်အရောင်းအဝယ်ပြုလုပ်မှုများကို ဧပြီ ၁၂ ရက်မှ ဧပြီ ၁၈ ရက်ထိ ယာယီရပ်နားထားမည်ဖြစ်ကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

လာမည့်ဧပြီလတွင် သင်္ကြန်ပွဲတော်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ၎င်းပွဲတော်ကာလတွင် မန္တလေးမြို့ရှိ ပဲ၊ နှမ်း စသည့် ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်နေသည့် မန္တလေးကုန်စည်ဒိုင်ကို အရောင်းအဝယ်ရပ်နားပြီး ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်ကို ဧပြီ ၁၂ ရက်(ဥပုသ်နေ့)၊ ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)နှင့် ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)၊ ဧပြီ ၁၇ ရက်(နှစ်ဆန်းတစ်ရက်နေ့)၊ ဧပြီ ၁၈ ရက်(ဥပုသ်နေ့)ထိ ယာယီပိတ်ထားမှာဖြစ်ပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ကုန်စည်အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းရှင်ဦးရေမှာ မတ်လပထမပတ်က တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာ ရှိခဲ့သော်လည်း မတ်လဒုတိယပတ်မှစ၍ လုပ်ငန်းရှင် ဦးရေ ၅၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

အဆိုပါ ကုန်စည်ဒိုင်အတွင်း ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်မည့်လုပ်ငန်းရှင်များ အဆင်ပြေစေရေးအတွက် ၎င်းကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ပုံမှန်အတိုင်း ဖွင့်လှစ်ပေးထားကြောင်း၊ သင်္ကြန်ကာလအတွင်း ယာယီပိတ်ထားမည်ဖြစ်ပြီး သင်္ကြန်ပြီးကာလ ဧပြီ ၁၉ ရက်မှစ၍ ကုန်စည်အရောင်းအဝယ်ပြုလုပ်မည့် လုပ်ငန်းရှင်များအတွက် ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

## မန္တလေးတိုင်းဒေသကြီးအတွင်း Smart Village ကျေးရွာများရှိ အသင်းသားတောင်သူများကို လယ်ယာသုံးစက် ခုနစ်စီးရောင်းချပေးထား

**မန္တလေး မတ် ၂၂**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်သုံးမြို့နယ်ရှိ Smart Village ကျေးရွာများမှ သမဝါယမအသင်းသားတောင်သူများကို လယ်ယာသုံးစက် ခုနစ်စီးရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ Smart Village ကျေးရွာများမှာ ပုသိမ်ကြီးမြို့နယ်တွင် တစ်ရွာ၊ တံတားဦးမြို့နယ်တွင် တစ်ရွာ၊ ငါန်းဇွန်မြို့နယ်တွင် တစ်ရွာတို့ဖြစ်ပြီး အဆိုပါ ကျေးရွာများရှိ သမဝါယမအသင်းသားတောင်သူများကို ၂၀၂၂ ခုနှစ် ဧပြီလမှစ၍ လယ်ယာသုံးစက်ကိရိယာများ ရောင်းချပေးခဲ့ရာ ယနေ့ထိ လယ်ယာသုံးစက် ခုနစ်စီး ရောင်းချပေးထားကြောင်း၊ ရောင်းချပေးထားသည့် စက်ကိရိယာများမှာ RX-7620 နှစ်စီး၊ CK-2810 တစ်စီး၊ DS-3510 တစ်စီး၊ DS-4510 နှစ်စီး၊ EX-50HP တစ်စီးတို့ဖြစ်ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်အတွင်းမှာ စံပြကျေးရွာအဖြစ် ကျေးရွာသုံးရွာကိုတည်ထောင်ပေးနိုင်ခဲ့ပါတယ်။ သမဝါယမအသင်းသားတောင်သူတွေကိုလဲ လယ်ယာလုပ်ငန်းခွင် အဆင်ပြေစေဖို့အတွက် လိုအပ်တဲ့ စက်ကိရိယာတွေကို ရောင်းချပေးထားပါတယ်။ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်နေကြတဲ့ တောင်သူတွေကို လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ် ကူးပြောင်းဖို့အတွက် လယ်ယာသုံး စက်ကိရိယာတွေကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ပေးထားပါတယ်။ စံပြကျေးရွာတည်ထောင်တဲ့ ကျေးရွာသုံးရွာက တောင်သူတွေကို လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်ပေးတာပါ"ဟု မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

ယခုဘဏ္ဍာနှစ်အတွင်း စံပြကျေးရွာများအဖြစ် ဆောင်ရွက်ခဲ့သည့် မြို့နယ်အလိုက်ကျေးရွာများမှ အသင်းသားတောင်သူများ မိမိတို့ အသက်မွေးဝမ်းကျောင်းပြုသည့် စိုက်ပျိုးရေးကဏ္ဍများတွင် အချိန်မီ သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် Daedongစက် ခုနစ်စီးကို ရောင်းချပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ ရောင်းချပေးနိုင်ခြင်းကြောင့် စံပြကျေးရွာရှိ အသင်းသားတောင်သူများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လုပ်ငန်းခွင်အဆင်ပြေစေရန်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိလာ

**မန္တလေး မတ် ၂၂**

မန္တလေး ဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ် ကောင်းမွန်ပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မြင်းမူဘက်မှထွက်ရှိသည့် ဂျုံအသစ်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး ကုန်သည်များကလည်း ဝယ်ယူမှုပြန်လည်များပြားလာသောကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းပြန်လည်ရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ ငါန်းဇွန်၊ မြို့သာ၊ မုံရွာဘက်က ဝင်လာတဲ့ဂျုံတွေလဲ ရှိပါတယ်။ ဒါပေမဲ့ မြင်းမူဘက်ကဂျုံတွေက မန္တလေးဈေးကွက်ထဲမှာအရောင်းအဝယ်အနည်းငယ်ပြန်ကောင်းမွန်လာတာကြောင့် ဈေးကောင်းရနေပါတယ်။ မန္တလေးဈေးကွက်ထဲမှာ ဂျုံအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ အခုတစ်လော တော်တော်လေးပြန်ပြီး များလာတယ်။ ပြည်ပဈေးကွက်ကိုတော့ ဂျုံတင်ပို့မှုက အနည်းငယ်လောက်ပဲရှိတယ်။ ဂျုံအသစ်တွေ ဈေးကွက်ထဲပြန်ဝင်လာတာကြောင့် နောက်ပိုင်း ဂျုံဈေးကတော့ ဈေးကောင်းထက်ပြီးရဖို့ရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မတ်လပထမပတ်အတွင်းက မြင်းမူဘက်မှဂျုံများ အရောင်းအဝယ်အေးနေခဲ့ခြင်းကြောင့် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၆၈၀၀၀ သာရှိခဲ့ပြီး မတ် ၂၁ ရက် ပေါက်ဈေးအရ ၎င်းဂျုံများ မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်လာခြင်းကြောင့် ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရာဇဝံသတေးကဗျာ

ပိုလ်ရှိတ်(ရတနာပူရ)

၁၉၉၄ ခုနှစ်တွင် စာပေဗိမာန်ကထုတ်ဝေခဲ့သော ဆရာကြီး စစ်ကိုင်းလှရွှေ၏ မဟာဂီတစာအုပ် အခန်း (၄)တွင် ဂီတသဘောသက်ဝင်သည့် ရှားပါးစာအုပ်ခြောက်အုပ်ကို စာရင်းပြဆိုထားသည်။ ထိုစာအုပ်ခြောက်အုပ်မှာ-

၁။ ဆွေတော်စဉ်တေးကဗျာ- ၁၂၃၈ ခုနှစ်တွင် မန္တလေးနန်းတွင်း၌ပုံနှိပ်

၂။ ကဝိရတနာကျမ်း- ၁၂၄၄ ခုနှစ်တွင် မန္တလေးနန်းတွင်း၌ပုံနှိပ်

၃။ တေးမဟာတော်ဝင်ကျမ်း- ၁၂၅၂ ခုနှစ်တွင် ဥက္ကလာပုံနှိပ်တိုက်၌ရိုက်နှိပ်

၄။ မဟာကဗျာကျမ်းနှစ်တွဲ- ၁၂၆၂ ခုနှစ် မြန်မာ့သြဘာပုံနှိပ်စက်၌ရိုက်နှိပ်

၅။ ကဗျာသင်္ဂဟမေဒနီကျမ်း- ၁၂၇၀ ပြည့်နှစ် အထက်မြန်မာနိုင်ငံသတင်းစာ မီးစက်ပုံနှိပ်တိုက်

၆။ မြန်မာစာညွန့်ပေါင်းကျမ်းလေးတွဲ- ၁၉၂၁ ခုနှစ်မှ စပြီးရိုက်နှိပ်တို့ဖြစ်သည်။

ဆရာကြီးက ထိုကျမ်းများသည် ရှားပါးလှသောကျမ်းများဖြစ်ကြောင်းရေးထားသည်။ ဆရာကြီးညွှန်းခဲ့သောကျမ်းခြောက်ကျမ်းတွင် ၁ မှ ၄ ထိသည် ယခုအချိန်ထိပင် ပြန်မရိုက်သေးသဖြင့် အလွန်ရှားပါးလှသည်။

ကဗျာသင်္ဂဟမေဒနီကျမ်းကို ကျွန်တော်တည်းဖြတ်ပြန်လည်ထုတ်ဝေထားသဖြင့် ရှားပါးကျမ်းမဟုတ်တော့ပါ။ ထို့အတူ မြန်မာစာညွန့်ပေါင်းကျမ်း လေးတွဲကိုလည်း မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး၊ ပညာပြန့်ပွားလှုံ့ဆော်ရေးစာစဉ်များအဖြစ် ပြန်လည်ရိုက်နှိပ်ခဲ့ခြင်း၊ ယခု စိတ်ကူးချိုချိုစာအုပ်တိုက်က ပြန်လည်ရိုက်နှိပ်ခဲ့ခြင်းတို့ကြောင့် အလွယ်တကူဝယ်ယူလေ့လာနိုင်ပြီဖြစ်သည်။

**ဆွေတော်စဉ်တေးကဗျာကျမ်း**

ဆွေတော်စဉ်တေးကဗျာကျမ်းသည် အလွန်ရှားသောစာအုပ်ဖြစ်သည်။ မင်းတုန်းမင်းကြီးလက်ထက်တွင် မန္တလေးနန်းတွင်း၌ ပုံနှိပ်ထုတ်ဝေခဲ့သောစာအုပ်ဖြစ်သည်။ ၁၂၃၈ ခုနှစ်တွင် ထုတ်ဝေခဲ့သဖြင့် ယခုအခါ ထိုစာအုပ်ကို တွေ့မြင်ရန်မလွယ်ပါ။ နှစ်ပေါင်း ၁၄၇ နှစ်မျှကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုမျှသက်တမ်းရှိသော စာအုပ်ကိုမြင်ဖူးရန် ဘယ်လိုမှမဖြစ်နိုင်တော့ပေ။ ပထမအကြိမ်ထုတ် ဆွေတော်စဉ်တေးကဗျာစာအုပ်သည် ဖြူသလား၊ မည်းသလား ကျွန်တော်တို့ သိရတော့မည်မဟုတ်ပါ။

**ဆရာကြီးဇေယျ၏မှတ်တမ်း**

ကံကောင်းထောက်မသည်ဟု ပြောရမည်ဖြစ်သည်။ မန္တလေးနန်းတွင်း၌ ရိုက်နှိပ်ခဲ့သောဆွေတော်စဉ် တေးကဗျာစာအုပ်ကို ကျွန်တော်တို့ မမြင်ဖူးသော်လည်း မြင်ဖူးသူ စာရေးဆရာကြီးတစ်ဦး၏ မှတ်တမ်းကြောင့် ထိုစာအုပ်၏ အနေအထားကို သိခွင့်ရခဲ့သည်။ ပထမအကြိမ်ထုတ် ဆွေတော်စဉ်တေးကဗျာကျမ်းအကြောင်းကို မှတ်တမ်းပြုစုခဲ့သူမှာ ဆရာကြီးဇေယျဖြစ်သည်။ ဆရာကြီးဇေယျ၏ မြန်မာ့မျက်ပွင့်စာပလေ့စာအုပ်တွင် "တေးထပ်တေးထပ်နှင့် ရေးစပ်ကြသူငါ"ဟူသော ဆောင်းပါးတစ်ပုဒ်ပါ၏။ ထိုဆောင်းပါး၌ ဆွေတော်စဉ် တေးကဗျာစာအုပ်အကြောင်းကို မှတ်တမ်းတင်ထားသည်။ ဆရာကြီးသည် ဆွေတော်စဉ်တေးကဗျာစာအုပ်ကလေးကို နှောင်းလူတို့မျက်စိထဲ ကွက်ကွက်ကွင်းကွင်းမြင်အောင် မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။ ဆရာကြီးမှတ်တမ်းတင်ထားသည်မှာ ဤသို့ဖြစ်၏။

"အနံ ၄ါးလက်မတိတိ။ အလျား ခုနစ်လက်မမတ်တင်း။ စက္ကူများမှာ ညိုတိုတိုဖြစ်လျက် အတော်ဆွေးနေသောကြောင့် အထူးဂရုစိုက်၍ ကိုင်ရ၏။ စာမျက်နှာ ၉၈ မျက်နှာရှိ၏။ ရှေ့ဆုံးမျက်နှာ မျဉ်းလေးဘက်ပစ်တထောင့်တွင် ပန်းပွင့်ကလေးတစ်ပွင့်စီရှိ၏။ ထိပ်မျဉ်းကိုဖြတ်၍ ဒေါင်းတံဆိပ်တစ်ခုမင်နက်ဖြင့် နှိပ်ထား၏။ ဒေါင်းရုပ်အောက်တွင် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အသျှင် ဆဒ္ဒါန်ဆင်မင်းသခင်၊ ရတနာပူရ အင်းဝနေပြည်တော်ကြီးကို လေးကြိမ်မြောက်တည်ထောင်တော်မူသော ဘဝရှင်မင်းတရားကြီးဘုရားလက်ထက်တော် ပညာရှိဦးပျော်ပြုစုစီရင်သော ဆွေတော်စဉ်တေးကဗျာ၊ ရတနာပုံရွှေနန်းတော် မြောက်ဥယျာဉ်တော်တွင်း စာပုံနှိပ်တိုက်တော်တွင် ပုံနှိပ်သည်။ ၁၂၃၈ ခုနှစ် တပို့တွဲလ"ဟူ၍ပါရှိလေသည်။ ဤစာအုပ်ကလေးမှာ မင်းတုန်းမင်းတရားကြီးလက်ထက် မန္တလေးရတနာပုံနန်းတော်တွင်းရှိ စာပုံနှိပ်တိုက်တော်ပုံနှိပ်သော စာအုပ်ကလေးဖြစ်၏"ဟူ၍ဖြစ်သည်။ ဆရာကြီးဇေယျမှတ်တမ်းတင်ခဲ့၍ ပထမအကြိမ်ထုတ် ဆွေတော်စဉ်တေးကဗျာစာအုပ်အကြောင်းကို သိရပေသည်။ စာအုပ်ခေါင်းစဉ်မှာ ဆွေတော်စဉ်တေးကဗျာဟု ကမ္ပည်းတင်ထားကြောင်း သိရသည်။

> ❖ ရာဇဝံသတေးကဗျာ၏ ထူးခြားချက်မှာ မင်းစဉ်မင်းဆက်များကိုသာ ဖွဲ့ဆိုခြင်းမဟုတ်ဘဲ ထိုမင်းတို့၏ ဆွေတော်စဉ်စာရင်းကိုပါ ပြည့်စုံအောင် ဖွဲ့ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်တွင် အဆက်ဆက်စိုးစံခဲ့သော မင်းတို့၏ဆွေတော်စဉ်ကိုသိလိုပါက ဤကျမ်းကိုကြည့်လိုက်ရုံသာ ဖြစ်သည်။ ဤကျမ်းနိဒါန်း၌ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ထိ ဆွေတော်စဉ်ကိုရေးမည်ဟု ဆိုထားသော်လည်း ဘကြီးတော်စစ်ကိုင်းမင်း၏ ဆွေတော်မျိုးတော်များမပါပေ။ အလောင်းမင်းတရားကြီး၏ ဆွေတော်မျိုးတော်၊ သားတော်တို့တွင်သာ အဆုံးသတ်ထားသည်။ ❖

**နိဂုံးတေးကဗျာ**

ဆွေတော်စဉ်တေးကဗျာကျမ်းနိဂုံးတွင် ၎င်းကျမ်းကို ရေးသားပြုစုခဲ့သည့် ဦးပျော်အကြောင်းရေးထားသည့် တေးကဗျာတစ်ပုဒ်ပါ၏။ ထိုနိဂုံးတေးကဗျာ၌ ဦးပျော်၏ ငယ်ဘဝရာထူးအမည်လည်းပါ၏။ ၎င်းနိဂုံးတေးကဗျာမှာ ဤသို့ဖြစ်၏။

"အသမ္ဘာန်နယ်တေးကို၊ သာငြိမ့်လေးနက်တံ၊
ဂေါသီသစန္ဒနံ့လို၊ နာခံသူချိုမြက်။ ။
ရတနာပူရရွှေဝပြည်ကို စတုတ္ထတည်
မင်း၏လက်ထက်။ ။
ရာဇဝင်ကျမ်းပြုရာဝယ် မင်းစဉ်စာနွယ်ဆက်၊
အတင်တင်ရောရှက်လို့၊ သံပိုင်းထွက်ကျောက်စာ။
မင်းလှကျော်ထင် မတ်မဟာငယ်၊
လွှတ်တော်မှရာထူးနှင့်၊ နေဘူးသည့်ခိုက်တွင်၊
ရွေးချယ်၍ လျှင်။ ။
ရေးစုသည့်တေးချိုလွင်သည်၊
ဖျိုးလေးအင်မှတ်ဘို့လေး။ ။"

အထက်ပါနိဂုံးတေးကဗျာအရ ဆွေတော်စဉ် တေးကဗျာကို ရေးသားခဲ့သူသည် ဦးပျော်ဖြစ်ကြောင်း သိရပြီး ဦးပျော်သည် ဆွေတော်စဉ်တေးကဗျာကို ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှကျော်ထင်ဘွဲ့ဖြင့် လွှတ်တော်၌ အမှုထမ်းစဉ်က ရေးသားခဲ့ကြောင်း သိရသည်။ ထို့ပြင် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်က ရာဇဝင်ကျမ်းပြုစုရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး မင်းစဉ်စာနွယ်ဆက် ရောထွေးမှုများကို သံပိုင်း၊ ကျောက်စာတို့ဖြင့် ညှိနှိုင်းရသည့်တာဝန်ကိုထမ်းဆောင်ခဲ့ရသူဖြစ်ကြောင်း သိရသည်။ ဘကြီးတော်လက်ထက်ပြုစုခဲ့သော ရာဇဝင်ကျမ်းသည် မှန်နန်းရာဇဝင်တော်ကြီးဖြစ်သည်။ ထို့ကြောင့် ဆွေတော်စဉ်တေးကဗျာကို ရေးခဲ့သောဦးပျော်သည် မှန်နန်းမဟာရာဇဝင်တော်ကြီး ရေးရာတွင် ပါဝင်ခဲ့သော အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သိရသည်။

**ဆွေတော်စဉ်တေးကဗျာမှ ရာဇဝံသတေးကဗျာသို့**

ဆွေတော်စဉ် တေးကဗျာကျမ်းကို ရတနာပုံနန်းတွင်း၌ ပထမဆုံးပုံနှိပ်ခဲ့စဉ်က 'ဆွေတော်စဉ်တေးကဗျာ'အမည်ဖြင့်ဖြစ်သည်။ ပထမအကြိမ်ပုံနှိပ်ပြီး ၂၃ နှစ်အကြာတွင် ဆွေတော်စဉ်တေးကဗျာကျမ်းကို ဒုတိယအကြိမ်ပုံနှိပ်ပြီး ၂၃ နှစ်အကြာတွင် ဆွေတော်စဉ်တေးကဗျာကျမ်းကို ဒုတိယအကြိမ် ပုံနှိပ်ခဲ့ပြန်သည်။ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ဟံသာဝတီသတင်းစာပုံနှိပ်တိုက်က ၁၈၉၉ ခုနှစ်တွင် ပြန်လည်ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်က ပြန်လည်ပုံနှိပ်သောအခါတွင် အပြောင်းအလဲတချို့ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ပြောင်းလဲခဲ့သောအချက်တို့မှာ ကျမ်းအမည်ကို ဆွေတော်စဉ်တေးကဗျာဟု အမည်မပေးတော့ဘဲ ရာဇဝံသတေးကဗျာဟု ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ရေးသားသူအမည်ကိုလည်း "ရတနာပူရစတုတ္ထမြို့တည်နန်းတည် ဘုရင်မင်းတရားကြီး လက်ထက်ဉာနီကြေငှန်းထီးနန်းအဆက်ဆက် ရာဇဝင်အချက်တို့ကို မပျက်ကာရံ တေးထပ်သံတို့ဖြင့် ပညာရှိအမတ်ကြီး ဦးဖျော်ဖွဲ့စီရင်အပ်သော"ဟူ၍ ဦးပျော်မှ ဦးဖျော်သို့ပြောင်းလဲထားပေသည်။ လုံးဝကွဲလွဲသည့်အချက်မှာ ပထမအကြိမ် ရွှေနန်းတွင်းပုံနှိပ်တိုက်၌ ရိုက်နှိပ်ထုတ်ဝေစဉ်ကပါရှိခဲ့သော နိဂုံးတေးကဗျာမှာ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်မူတွင် လုံးဝမပါရှိခြင်းဖြစ်သည်။

ဦးပျော်နှင့် ဦးဖျော် ကွဲလွဲမှုမှာ ပြဿနာမဟုတ်ပါ။ ရှေးက ပေ၊ ပုရပိုက်များတွင် ဖနှင့်ပကို မှားယွင်းစွာရေးကူးမိတတ်ကြသည်။ ဦးပျော်ကို ဦးဖျော်ဟု ရေးကူးတတ်သလို ဦးဖျော်ကို ဦးပျော်ဟုလည်း ရေးကူးမိတတ်သည်။ ထို့အတူ ဆွေတော်စဉ်တေးကဗျာမှ ရာဇဝံသတေးကဗျာအမည်ပြောင်းခြင်းမှာလည်း ပြဿနာမဟုတ်ပေ။ ရှင်ဘုရင်၏ဆွေတော်စဉ်ကို ရေးဖွဲ့ထားခြင်းဖြစ်သောကြောင့် ဆွေတော်စဉ်တေးကဗျာဟု အမည်ပေးထားခြင်းဖြစ်သည်။ ရာဇဝံသတေးကဗျာဟူသည်မှာလည်း မင်းတို့၏ အဆက်အနွယ်ကိုပြသော တေးကဗျာဟု အဓိပ္ပာယ်ရသည်။ ဆွေတော်စဉ်သည် မြန်မာစကားဖြစ်ပြီး ရာဇဝံသသည် ပါဠိစကားဖြစ်သည်။ မြန်မာအမည်နှင့် ပါဠိအမည်ကွာခြားခြင်းသာဖြစ်သည်။ ကွဲလွဲချက်အဆိုးဆုံးမှာ နိဂုံးတေးကဗျာမပါခြင်းဖြစ်သည်။ နိဂုံးတေးကဗျာသည် စာဆို၏ ဘဝတစ်စိတ်တစ်ဒေသဖြစ်သည်။ နိဂုံးတေးကဗျာမပါခြင်းကြောင့် စာဆို၏ဘဝအကြောင်းကိုရှာရန် လမ်းစပျောက်နိုင်သည်။ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်သည် အဘယ်ကြောင့် နိဂုံးတေးကဗျာထည့်သွင်းမရိုက်နှိပ်ခဲ့သည်ကို မသိရပေ။

ဤတွင် ကျွန်တော်စဉ်းစားမိသော အချက်တစ်ချက်ရှိသည်။ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်မှ ရိုက်နှိပ်ခဲ့သောမူသည် ပထမအကြိမ်ထုတ် စာအုပ်မူကို ရိုက်နှိပ်ခြင်းမဟုတ်ဘဲ သီးသန့်ပေတစ်ဆူကို ရိုက်နှိပ်ခဲ့ခြင်းပေလောဟု စဉ်းစားမိသည်။ ထို့ကြောင့် ပေမူတွင် တွေ့ရသည့်အတိုင်း ဦးဖျော်၊ ရာဇဝံသတေးကဗျာဟု အမည်တပ်ခဲ့ခြင်းဖြစ်နိုင်သည်။ ထို့အတူ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်က တွေ့ရသောပေမူတွင် နိဂုံးတေးကဗျာမပါခြင်းကြောင့်သာ နိဂုံးတေးကဗျာကို ထည့်သွင်းမရိုက်နှိပ်ခဲ့ခြင်းဖြစ်နိုင်သည်။ ဤမှာ ကျွန်တော်စဉ်းစားမိသော အချက်ဖြစ်သည်။ ဟုတ်၊ မဟုတ်ကို ဟံသာဝတီသတင်းစာပုံနှိပ်တိုက်သာသိပေမည်။

**နောက်ထပ်ရိုက်နှိပ်မှုများ**

ရာဇဝံသတေးကဗျာကျမ်းကို ဟံသာဝတီသတင်းစာပုံနှိပ်တိုက်နောက်တွင် ဟံသာဝတီစာအုပ်တိုက်က ၁၉၃၇ ခုနှစ်တွင် ထပ်မံရိုက်နှိပ်ခဲ့သည်ကို တွေ့ရသည်။ ထို့နောက်တွင် ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်မှ ၁၉၄၀ ပြည့်နှစ်တွင် ထပ်မံရိုက်နှိပ်ခဲ့ပြန်သည်။

ရာဇဝံသတေးကဗျာသည် ပုံနှိပ်မှုဖြင့် လေးကြိမ်တိတိရိုက်နှိပ်ခဲ့သည်ကို တွေ့ရသည်။ ၁၂၃၈ ခုနှစ် (ခရစ်နှစ် ၁၈၇၆ ခုနှစ်)တွင် ပထမဆုံးရိုက်နှိပ်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် နောက်ဆုံးရိုက်နှိပ်ခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်း ၆၄ နှစ် အတွင်း လေးကြိမ်ရိုက်နှိပ်ခဲ့သည်ကို တွေ့ရသည်။ ၁၉၃၇ ခုနှစ်နှင့် ၁၉၄၀ ပြည့်နှစ်တွင် ရိုက်နှိပ်ခဲ့သောမူတို့သည် ၁၈၉၉ ခုနှစ်မူအတိုင်း ရိုက်နှိပ်ခဲ့ခြင်းဖြစ်တန်ရာသည်။ ထို့ကြောင့် ၎င်းမူနှစ်မူစလုံးသည် ရာဇဝံသတေးကဗျာအမည်နှင့်သာ တွေ့ရခြင်းဖြစ်သည်။ ယခုအခါတွင် အဆိုပါမူလေးမူစလုံးကို တွေ့ရန် မလွယ်တော့ပါ။ လွန်စွာရှားပါးနေပြီဖြစ်သည်။

**ရေးဖွဲ့ထားသည့်အကြောင်းအရာများ**

ရာဇဝံသတေးကဗျာသည် ပိုဒ်ရေ ၃၀၉ ပိုဒ်ပါရှိသည်။ ၃၀၉ ပိုဒ်လုံးကို တေးထပ်ကဗျာဖြင့်သာ ရေးဖွဲ့ထားခြင်းဖြစ်သည်။ နိဒါန်းတွင် "ဗု၊ ဓံ၊ သံ၊ နု၊ ၏။ ။ ဧကာဒသ သမ္မုတမင်းမှစ၍ ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီးနှင့် မိဖုရားတိုင် ဧကရာဇ်မင်းတို့၏ အစဉ်နှင့်တကွ၊ မိဖုရား၊ ကိုယ်လုပ်တော်၊ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်တို့ကို တေးကဗျာလင်္ကာဖြင့် ပြပေအံ့"ဟူ၍ ဝန်ခံကတိပြုထားသည့်အတိုင်း မဟာသမ္မတမင်းကစ၍ ရေးသားထားသည်။

ပိုဒ်ရေ ၁ မှ ၉ ထိသည် မဟာသမ္မတမင်းနှင့် အိန္ဒိယမဟာဝင်မင်းဆက်များကိုသာ ဖော်ပြရေးဖွဲ့ထားသည်။ ပိုဒ်ရေ ၁၀ မှစ၍ အဘိရာဇာမင်းမြန်မာပြည်သို့လာပြီး သင်းတွဲတကောင်းပြည် တည်ထောင်သည်မှစ၍ မြန်မာမင်းဆက်များကို ရေးဖွဲ့ထားသည်။ ထို့နောက်တွင် တကောင်းမင်းဆက်များ၊ သရေခေတ္တရာမင်းဆက်များ၊ ပုဂံမင်းဆက်များကို အစဉ်အတိုင်းဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ၁၀ မှ ပိုဒ်ရေ ၅၇ ထိသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံမင်းဆက်များကို ဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ၅၈ မှ ၆၇ ထိသည် မြင်စိုင်း၊ ပင်းယမင်းဆက်များကို ဖွဲ့ဆိုသည်။ ၆၈ မှ ၇၂ ထိ စစ်ကိုင်းမင်းဆက် စသည်ဖြင့် ရာဇဝင်လာမင်းဆက်များကို အသီးသီးဖွဲ့ဆိုထားသည်။

ရာဇဝံသတေးကဗျာ၏ ထူးခြားချက်မှာ မင်းစဉ်မင်းဆက်များကိုသာ ဖွဲ့ဆိုခြင်းမဟုတ်ဘဲ ထိုမင်းတို့၏ ဆွေတော်စဉ်စာရင်းကိုပါ ပြည့်စုံအောင် ဖွဲ့ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်တွင် အဆက်ဆက်စိုးစံခဲ့သော မင်းတို့၏ဆွေတော်စဉ်ကို သိလိုပါက ဤကျမ်းကိုကြည့်လိုက်ရုံသာဖြစ်သည်။ ဤကျမ်းနိဒါန်း၌ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ထိ ဆွေတော်စဉ်ကိုရေးမည်ဟု ဆိုထားသော်လည်း ဘကြီးတော်စစ်ကိုင်းမင်း၏ ဆွေတော်မျိုးတော်များမပါပေ။ အလောင်းမင်းတရားကြီး၏ ဆွေတော်မျိုးတော်၊ သားတော်တို့တွင်သာ အဆုံးသတ်ထားသည်။

ရာဇဝံသတေးကဗျာကျမ်းသည် ရာဇဝင်ကျမ်းတစ်စောင်အနေဖြင့်လည်း တန်ဖိုးကြီးမားသလို တေးထပ်ကဗျာကျမ်းအနေဖြင့်လည်း တန်ဖိုးကြီးမားသည်။ တေးထပ်သည် ရတနာပုံခေတ်တွင် ထင်ရှားသောအရေးအဖွဲ့ပုံစံမျိုးဖြစ်သည်။ ရာဇဝံသတေးကဗျာကျမ်းသည် တေးထပ်၏ရှေ့ပြေးပုံစံဖြစ်သည်။ တစ်နည်းအားဖြင့် အစောဆုံးတွေ့ရသော တေးထပ်များဟု ဆိုနိုင်သည်။ ထို့ကြောင့် တေးထပ်အစ ဦးပျော်က၊ တေးထပ်အစ ရာဇဝံသတေးကဗျာကဟုဆိုသော် မမှားနိုင်ပါ။ သို့ဖြစ်သောကြောင့် ရာဇဝင်တန်ဖိုး၊ မြန်မာစာပေတန်ဖိုးကြီးလှသော ရာဇဝံသတေးကဗျာကျမ်းကို ပြန်လည်ထုတ်ဝေလျှင် ကောင်းမည်ဟု တမ်းတမိပေသည်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ မတ် ၁ ရက်မှ ၂၀ ရက်ထိ ဆန်နှင့် ဆန်ကွဲအိတ်ရေ ၁၃၄၅၀၀ တင်ပို့ရောင်းချထား

**ပုသိမ် မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ မတ် ၁ ရက်မှ ၂၀ ရက်ထိ ဆန်နှင့်ဆန်ကွဲ အိတ်ရေ ၁၃၄၅၀၀ တင်ပို့ရောင်းချထားကြောင်း ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်နှင့်ဆန်ကွဲအဖြစ် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ဆန်နှင့်ဆန်ကွဲတစ်တင်းခွဲအိတ်ရေ စုစုပေါင်း ၁၀၄၅၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး လက်ရှိ မတ် ၁ ရက်မှ ရက် ၂၀ ရက်ထိ ဆန်တစ်တင်းခွဲအိတ်ရေ ၉၂၅၀၀ နှင့် ဆန်ကွဲ တစ်တင်းခွဲအိတ်ရေ၄၂၀၀၀ စုစုပေါင်း ၁၃၄၅၀၀ တင်ပို့ရောင်းချထားကြောင်း သိရသည်။

"လက်ရှိ ပုသိမ်ကနေ ရန်ကုန်ဈေးကွက်ကို ဆန်နဲ့ ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အခုမတ်လအတွင်း ဆန်ကွဲနဲ့ ဆန်တစ်တင်းခွဲအိတ်ရေ ၁၃၀၀၀၀ ကျော် တင်ပို့ရောင်းချထားပြီး ဖြစ်ပါတယ်။ လက်ရှိ ရန်ကုန်ဘက်က ဆန်နဲ့ဆန်ကွဲတွေ ဝယ်ယူမှု ကောင်းနေပေမဲ့ ဈေးကတော့ သိသိသာသာ တက်လာတာမျိုး မရှိသေးပါဘူး။ အခုအရောင်းအဝယ်လုပ်ငန်းတွေ ပုံမှန်အတိုင်းပြန်လည်လုပ်ကိုင်လာရလို့ တောင်သူတွေ အပြင် ကုန်တင်၊ ကုန်ချလုပ်သားတွေ၊ ကုန်သည်တွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ မတ် ၁ ရက်မှ ၂၀ ရက်ထိ ဖျာပုံပေါ်ဆန်းမွှေး၊ ဧည့်မထ၊ ရက် ၉၀၊ မနောသုခ၊ သီးထပ်ရင် စသည့်ဆန်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## ငပဲမြို့နယ် စာတတ်ကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငပဲ မတ် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သာယာကုန်းကျေးရွာအုပ်စု စာတတ်ကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးပေးခြင်းကို မတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်မှာရုံ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က စာတတ်ကူကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စာတတ်ကူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၄ ဦးတို့ကို ပဉ္စမအကြိမ်အဖြစ် ရန်ပုံငွေကျပ် ၃၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြူလေး**

## ကမ္ဘာ့မိုးလေဝသနေ့

\- နှစ်ဆယ့်သုံးရက် မတ်လမှာ
ရက်မြတ်ရွေးချယ်ကာ၊
စုပေါင်းညီညာ သတ်မှတ်၍
ကမ္ဘာ့မိုးလေဝသနေ့။

\- ပူပြင်းခြောက်သွေ့ကမ္ဘာကို
ကယ်တင်ကြဖို့လို၊
အိုဇုန်းလွှာကို ကာကွယ်မှု
စက်ရုံလျှော့ချပြု။

\- ဥတုရာသီ တောကိုမှီ
ဆိုရိုးစကားအညီ၊
စောင့်ရှောက်ကြမည် တို့လူသား
တားဆီးကာကွယ်သွား။

\- သစ်ဝါးတို့အား လွန်ကျူးစွာ
ရှောင်ရှားမခုတ်ရာ၊
မွေးမြူလို့သာ ထိန်းသိမ်းပေး
ရာသီမျှတရေး။

\- ခန့်မှန်းလို့ပေး မိုးလေကို
ကြိုတင်တွက်ချက်ဆို၊
အန္တရာယ်ကို ရှောင်ကွင်းရေး
မှန်တိုင်းသတိပေး။

\- လေဘေးရေဘေး အန္တရာယ်တွေ
ကြိုတင်ခန့်မှန်းပေး၊
ရှောင်ရှားကြစေ ပြည်သူများ
သဘာဝဘေးကိုတား။

\- ပြည်သူတို့အား ကယ်တင်ကာ
မိုးလေဝသပညာ၊
ဂုဏ်ပြုလို့သာ နှစ်စဉ်မမေ့
ကမ္ဘာ့မိုးလေဝသနေ့။ ။

မတ် ၂၃ ရက်တွင်ကျရောက်သော ကမ္ဘာ့မိုးလေဝသနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။

**ရွှေတိုး(ထုံးဘို)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## တရုတ်နှင့် ဩစတြေးလျစစ်ဘက်တာဝန်ရှိသူများ ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေး

**ကင်ဘာရာ မတ် ၂၂**

တရုတ်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ယနေ့တွင် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် တရုတ်ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံး တရားဝင်ဆွေးနွေးပွဲဖြစ်သည်။

ယနေ့ဆွေးနွေးပွဲသည် တရုတ်နှင့် ဩစတြေးလျနှစ်နိုင်ငံ စစ်ဘက်များအကြား တည်ငြိမ်မှုရှိသည့် ဆက်ဆံရေး တည်ဆောက်ရန်အတွက် အထောက်အကူပြုကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထိုအတူ ယနေ့ဆွေးနွေးပွဲကို ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာနကလည်း အတည်ပြုထားပြီး ဒေသတွင်း လုံခြုံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်တာဝန်ရှိသူများ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် ဩစတြေးလျနှစ်နိုင်ငံဆက်ဆံရေးသည် ကိုဗစ်-၁၉ မူလအစပြဿနာကို အကြောင်းပြု၍ ပြီးခဲ့သည့်နှစ်အတွင်း တင်းမာခဲ့ရသည်။

လက်ရှိအချိန်တွင် တရုတ်နှင့် ဩစတြေးလျခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်အနေအထားပြန်ရောက်စေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

KKO



## ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ လာရောက်ရန် သမ္မတရှီကျင့်ဖျင်က ရုရှားသမ္မတပူတင်နှင့် ဝန်ကြီးချုပ် မစ်ခေးလ်မီရှုစတင်တို့ကို ဖိတ်ကြား



**ပေကျင်း မတ် ၂၂**

တတိယမြောက်ရပ်ဝန်းနှင့်လမ်း အစီအစဉ် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးညီလာခံသို့ တက်ရောက်ရေးအတွက် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ လာရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားသမ္မတပူတင်ကို ဖိတ်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် သမ္မတရှီကျင့်ဖျင်သည် ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှုစတင်ကိုလည်း တရုတ်နိုင်ငံသို့ လာရောက်ရန်နှင့် ရုရှားနှင့်တရုတ်ဝန်ကြီးချုပ်များအကြား ပုံမှန်ဆွေးနွေးပွဲများကျင်းပရန် ဖိတ်ခေါ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယခုလအတွင်း သမ္မတရာထူး တတိယသက်တမ်း ရယူပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ရုရှားနိုင်ငံသို့ မတ် ၂၀ ရက်တွင် ရောက်ရှိခဲ့ပြီး ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

သမ္မတ ရှီကျင့်ဖျင်သည် ယနေ့တွင် ရုရှားခရီးစဉ်ကိုအဆုံးသတ်ခဲ့ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ ရုရှားနှင့် အနောက်အုပ်စု မဟာမိတ်နိုင်ငံများအကြား ဆက်ဆံရေးတင်းမာနေချိန်တွင် တရုတ်သမ္မတရှီကျင့်ဖျင်က ရုရှားနိုင်ငံသို့ သွားရောက်၍ သမ္မတပူတင်နှင့် ထိပ်သီးဆွေးနွေးပွဲများ ကျင်းပခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတပူတင်သည် တရုတ်နိုင်ငံ၌ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင်ကျင်းပခဲ့သည့် ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးညီလာခံများသို့တက်ရောက်ခဲ့ဖူးကြောင်း သိရသည်။ KKO

## ရုရှားနိုင်ငံသည် ဥရောပအတွက် အရေးကြီးသည့်နိုင်ငံအဖြစ် ဆက်ရှိနေမည်ဟု ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးပြောကြား

**ဗီယင်နာ မတ် ၂၂**

ဥရောပတိုက်အတွက် ရုရှားနိုင်ငံသည် အရေးကြီးသည့်နိုင်ငံအဖြစ် အမြဲတမ်း ဆက်ရှိနေလိမ့်မည်ဖြစ်ကြောင်း ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီး အလက်ဇန်းဒါးရှုလင်ဘာ့ဂ်က ယနေ့တွင် ပြောကြားခဲ့သည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ ရုရှားနှင့် ဥရောပနိုင်ငံများအကြား ဆက်ဆံရေးတင်းမာနေပြီး တစ်ဖက်နှင့်တစ်ဖက်ခွဲထွက်နေချိန်တွင် ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ဥရောပ၏ အစိတ်အပိုင်းမဟုတ်တော့ဟူသည့် အတွေးမျိုးနယ်ပယ်အားလုံး၌ရုရှားနှင့် အဆက်ဖြတ်နိုင်မည်ဟူသော အတွေးမျိုးမှာ အာရုံမှားယွင်းမှုများသာဖြစ်ကြောင်း ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဩစတြီးယား၏အကြီးဆုံးအိမ်နီးချင်းနိုင်ငံအဖြစ် ဆက်ရှိမည်ဖြစ်သကဲ့သို့ ကမ္ဘာ့ဒုတိယအင်အားအကြီးဆုံး နျူကလီးယားအင်အားရှင် နိုင်ငံအဖြစ်လည်း ဆက်လက် ရပ်တည်နေဦးမည်သာဖြစ်ကြောင်း ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးက ရိုက်တာသတင်းဌာနနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ သုံးသပ်ခဲ့သည်။

ဩစတြီးယားနိုင်ငံသည် အရှေ့နှင့် အနောက်အုပ်စုတို့ကြား ပေါင်းကူးတံတားအဖြစ် ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားသော်လည်း ယူကရိန်းပြဿနာကိုအကြောင်းပြု၍ ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ရာတွင်လည်း အနောက်အုပ်စုနိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ခဲ့သည်။

ဩစတြီးယားနိုင်ငံသည်လာမည့်နှစ်များအတွင်း ရုရှားဓာတ်ငွေ့အပေါ် မှီခိုနေရမှုကိုလျှော့ချရန် ကြိုးစားနေသော်လည်း လက်ရှိအချိန်တွင် ရုရှားဓာတ်ငွေ့များ ဝယ်ယူတင်သွင်းနေရဆဲဖြစ်ကြောင်း သိရသည်။

KKO

## အရှေ့ဘက်ကမ်းရိုးတန်းသို့ ခရုစ်ဒုံးကျည်များ မြောက်ကိုရီးယားနိုင်ငံ ပစ်လွှတ်

**ဆိုးလ် မတ် ၂၂**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းသို့ ခရုစ်ဒုံးကျည်များ ပစ်လွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့က နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်နေဆဲတွင်မြောက်ကိုရီးယားနိုင်ငံက ခရုစ်ဒုံးကျည်များပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါခရုစ်ဒုံးကျည်များကို တောင်ဘက်ပိုင်းပြည်နယ်တစ်ခုဖြစ်သော ဟမ်ယောင်းပြည်နယ်မှ တစ်ဆင့်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

သို့သော် မြောက်ကိုရီးယားက ပစ်လွှတ်ခဲ့သော ခရုစ်ဒုံးကျည်အရေအတွက်နှင့် အမျိုးအစားတို့ကို တိတိကျကျ မသိရသေးကြောင်း သိရသည်။

တောင်ကိုရီးယားနှင့်အမေရိကန်နိုင်ငံတို့၏ လွတ်လပ်မှုဒိုင်းအမည်ရှိ ၁၁ ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မတ် ၂၃ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်မှုအဖြစ် သတ်မှတ်ထားပြီး လက်နက်စမ်းသပ်မှုများဖြင့် တုံ့ပြန်လေ့ရှိကြောင်း သိရသည်။ KKO

## ၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ပျမ်းမျှမြေဈေး ၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်

**တိုကျို မတ် ၂၂**

၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ မြေဈေးများသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြန်ဆုံးနှုန်းထားဖြင့် ဒုတိယမြောက်နှစ်အဖြစ် ဆက်လက်မြင့်တက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးအလွန်ကာလ စီးပွားရေးအရ ပြန်လည်ဦးမော့လာမည့်လက္ခဏာများပေါ်ထွက်လာမှုကြောင့် ၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၌ မြေဈေးဆက်လက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံတစ်ဝန်းလုံး၌ ပျမ်းမျှမြေဈေးမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းထိ ဆက်လက်မြင့်တက်ခဲ့ကြောင်း ဂျပန်အစိုးရက ယနေ့တွင် ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ



သိရသည်။

ဂျပန်နိုင်ငံ၏ ၂၀၂၂ ခုနှစ် မြေဈေးမြင့်တက်မှုနှုန်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အလျင်မြန်ဆုံး ဈေးနှုန်းမြင့်တက်မှုဖြစ်ခဲ့ရသည်။

၂၀၀၈ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ပျမ်းမျှမြေဈေးမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းထိမြင့်တက်ခဲ့ဖူးသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး စည်းမျဉ်းများ ဖြေလျှော့ခဲ့ပြီးနောက် ပြည်ပခရီးသွားများပြန်လည်အဝင်များလာနိုင်မှုနှင့်အတူ အချို့သောနာမည်ကျော်ခရီးသွားနယ်မြေများ၌ လုပ်ငန်းသုံးမြေများ၏ မြေဈေးများမြင့်တက်ခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## သိပ္ပံပညာရှင်များ၏အဆိုအရ အရွယ်အစားကြီးမားသည့်ဂြိုဟ်သိမ်ကြီးများ ကမ္ဘာပေါ်ကျရောက်မှုကြိမ်ရေ ယခင်ခန့်မှန်းခဲ့သည်ထက် ပိုများနိုင်



**ဝါရှင်တန် မတ် ၂၂**

အရွယ်အစားကြီးမားသည့် ဂြိုဟ်သိမ်ကြီးများ ကမ္ဘာပေါ်ကျရောက်မှုကြိမ်ရေသည် ယခင်တွေးထင်ခန့်မှန်းခဲ့ကြသည်ထက် ပိုများနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၁ ရက်က ရေးသားတင်ပြထားသည်။

ယေဘုယျအားဖြင့် ကမ္ဘာပေါ်သို့ နှစ်ပေါင်း ၆၀၀၀၀၀ သို့မဟုတ် ၇၀၀၀၀၀ လျှင် တစ်ကြိမ်ကျ အရွယ်အစား အနည်းဆုံး အနံ သုည ဒသမ ၆၂ မိုင်ထိရှိသည့် ဂြိုဟ်သိမ်တစ်စင်းကျရောက်တတ်ကြောင်း သိပ္ပံပညာရှင်များက လက်ခံထားသည်။

သို့ရာတွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များ ပြုလုပ်ခဲ့သော နောက်ဆုံးလေ့လာချက်အရ ပြီးခဲ့သည့် နှစ်တစ်သန်းသာသာအတွင်း အရွယ်အစား အနည်းဆုံး အနံ သုည ဒသမ ၆၂ မိုင်ရှိ ဂြိုဟ်သိမ်ပေါင်း လေးစင်းထိ ကျရောက်ခဲ့ကြောင်း သိရသည်။

နာဆာသိပ္ပံပညာရှင်များသည် ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုများမှရရှိသည့် သတင်းအချက်အလက်နှင့် ဓာတ်ပုံများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ကမ္ဘာပေါ်သို့ အရွယ်အစားကြီးမားသည့် ဂြိုဟ်သိမ်များ ကျရောက်မှုကြိမ်ရေမှာ သိပ္ပံပညာရှင်များကြား အငြင်းပွားနေရဆဲကိစ္စဖြစ်ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ ဂြိုဟ်သိမ်ကျရောက်မှုကြိမ်ရေ လေ့လာတွေ့ရှိချက် အသစ်ကို အတည်ပြုရေးအတွက် လေ့လာမှုများ ထပ်မံလုပ်ဆောင်ရန် လိုအပ်ကြောင်း သိရသည်။ KKO


## ဟာကူတို-အာရ် ဂျပန်လဆင်းယာဉ်က မတ် ၂၀ ရက်တွင် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့

**တိုကျို မတ် ၂၂**

ဟာကူတို-အာရ် အမည်ရှိ ဂျပန်ပုဂ္ဂလိက လဆင်းယာဉ်သည် လပတ်လမ်းအတွင်းသို့ မတ် ၂၀ ရက်က အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၁ ရက်က ရေးသားတင်ပြထားသည်။

တိုကျိုအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီက တည်ဆောက်ထားသော ဟာကူတို-အာရ် လဆင်းယာဉ်သည် မတ် ၂၀ ရက် ညပိုင်းက လပတ်လမ်းအတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လပတ်လမ်းအတွင်းသို့ ဟာကူတို-အာရ် လဆင်းယာဉ်ဝင်ရောက်နိုင်မှုသည် အိုင်စပေ့စ်ကုမ္ပဏီအနေဖြင့် လပတ်လမ်းအတွင်းသို့ အာကာသယာဉ် စေလွှတ်နိုင်စွမ်းရှိမှုကို သက်သေပြနေကြောင်း အိုင်စပေ့စ်ကုမ္ပဏီက ကြေညာချက် ထုတ်ပြန်ထားသည်။



အိုင်စပေ့စ် ကုမ္ပဏီသည် ဟာကူတို-အာရ် လဆင်းယာဉ်ကို ၂၀၂၂ ခုနှစ် မတ် ၁၁ ရက်က Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလဆင်းယာဉ်သည် လာမည့် ဧပြီလကုန်ပိုင်းတွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်အောင်မြင်ခဲ့ပါက အိုင်စပေ့စ်ကုမ္ပဏီသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်ခဲ့သည့် ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကအာကာသကုမ္ပဏီအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။ KKO

## နာဆာက ပိုက်ပါအမည်ရှိ စက်ရုပ်နည်းပညာသုံး လမျက်နှာပြင်လေ့လာရေးယာဉ်ကို စတင်တည်ဆောက်နေပြီဖြစ်

**ဝါရှင်တန် မတ် ၂၂**

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ပိုက်ပါအမည်ရှိ စက်ရုပ်နည်းပညာသုံး လမျက်နှာပြင် လေ့လာရေးယာဉ်ကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း Science Daily သတင်းဝက်ဘ်ဆိုက်က မတ် ၂၁ ရက်က ရေးသားတင်ပြထားသည်။

အလေးချိန်ပေါင် ၁၀၀၀ ထိရှိမည့် ပိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ် တည်ဆောက်တပ်ဆင်မှုလုပ်ငန်းကို နာဆာ၏ ဂျွန်ဆင် အာကာသယာဉ်တည်ဆောက်ရေးဌာန၌ စတင်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်၏ အောက်ခံကိုယ်ထည်ပိုင်းကို စတင်တပ်ဆင်နေပြီဖြစ်ကြောင်း နာဆာအဖွဲ့က ကြေညာထားသည်။

နာဆာအဖွဲ့သည် ပိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်ကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးပါက ပိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်သည် လကမ္ဘာ တောင်ဝင်ရိုးစွန်းဒေသ၌ ဆင်းသက်၍ ရေဓာတ်၏လက္ခဏာများကို ရှာဖွေမည်ဖြစ်ကြောင်း သိရသည်။

နောင် လအနည်းငယ်အကြာတွင် နာဆာအင်ဂျင်နီယာများသည် ပိုက်ပါလမျက်နှာပြင်လေ့လာရေးအာကာသယာဉ်၌ လေ့လာစူးစမ်းရေးစနစ်များ တပ်ဆင်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO

# HEALTH

## ၂၀၃၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ကျော် အဝလွန်မှု၊ ကိုယ်အလေးချိန်လွန်ကဲမှုနှင့် ရင်ဆိုင်ရနိုင်

**လန်ဒန် မတ် ၂၂**

၂၀၃၅ ခုနှစ်အရောက်တွင် အသက် ငါးနှစ်နှင့်အထက် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ထက်ဝက်ကျော် သို့မဟုတ် ၅၀ ရာခိုင်နှုန်းမှာ အဝလွန်မှု သို့မဟုတ် ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲမှုပြဿနာများနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၂၁ ရက်က ရေးသားတင်ပြထားသည်။

၂၀၃၅ ခုနှစ်အရောက်တွင် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ထက်ဝက်ကျော် သို့မဟုတ် လူပေါင်းလေးဘီလီယံကျော်တို့မှာ အဝလွန်သူများ သို့မဟုတ် ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲသူများဖြစ်လာနိုင်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် နိုင်ငံတကာ အဝလွန်မှုပြဿနာထိန်းချုပ်ရေး အသင်းချုပ်၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ ပြည့်နှစ်တွင် အဝလွန်မှုပြဿနာ သို့မဟုတ် ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲမှုပြဿနာတို့ကို ရင်ဆိုင်ခဲ့ရသူအရေအတွက်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၁ ဒသမ ၆ ဘီလီယံသာရှိခဲ့ကြောင်း၊ အဝလွန်မှုပြဿနာသည် ၂၀၂၀ ပြည့်နှစ်တွင် ပုံမှန်ထက် ၁၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ၂၀၃၅ ခုနှစ်အရောက်တွင် ၂၄ ရာခိုင်နှုန်းထိမြင့်တက်လာနိုင်သည်ဟု သုတေသနပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အထူးသဖြင့် အဝလွန်မှုနှင့် ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲမှုတို့သည် အသက် ငါးနှစ်နှင့် ၁၉ နှစ်ကြားကလေးများနှင့် ဆယ်ကျော်သက်များ၌ ပို၍အဖြစ်များလာနိုင်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားပြီး အလားတူ ယောကျ်ားလေးများကြား အဝလွန်မှုသည် ၂၀၃၅ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး မိန်းကလေးများကြား အဝလွန်မှုမှာ ၁၈ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။ KKO

## အခွံမာသီးအစေ့အဆန်များ စားသုံးခြင်းဖြင့် နှလုံးရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်

**အောဖ်လို မတ် ၂၂**

အခွံမာသည့်အစေ့အဆန်များ များများစားသုံးခြင်းဖြင့် နှလုံးရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၂၁ ရက်က ရေးသားတင်ပြထားသည်။

နော်ဝေနိုင်ငံ အောဖ်လိုကက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အခွံမာသီးအစေ့အဆန် ပုံမှန်စားသုံးမှုသည် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေ ကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အခွံမာသီးအစေ့အဆန်များကို နေ့စဉ် ဂရမ် ၃၀ ခန့် ပုံမှန်စားပေးခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေကို ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း၊ နော်ဝေ သုတေသန ပညာရှင်များသည် အခွံမာသီးအစေ့အဆန်များစားသုံးမှုနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုတစ်စုံတစ်ရာရှိ၊ မရှိ ဖော်ထုတ်ရန် လေ့လာချက်ပေါင်း ၆၀ တို့မှ အချက်အလက်များကို ပြန်လည်စိစစ်ခဲ့ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အခွံမာသီးအစေ့အဆန်များသည် သွေးအတွင်းကိုလက်စထရောပါဝင်မှုအဆင့်အပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# လိုင်ယွန်အသင်းမှ ထွက်ခွာမည်ဟု တိုက်စစ်မှူး ဒမ်ဘီလီ ပြောကြား

**ပဲရစ် မတ် ၂၂**

လိုင်ယွန်အသင်းသည် တိုက်စစ်မှူး ဒမ်ဘီလီနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ကစားသမားအနေဖြင့် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု Daily Star က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူး ဒမ်ဘီလီသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ဆဲလ်တစ်အသင်းမှ စတာလင်ပေါင်သန်း ၂၀ ဖြင့် လိုင်ယွန်အသင်းသို့ ငါးနှစ် စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး ပြိုင်ပွဲစုံ ၁၆၉ ပွဲတွင် သွင်းဂိုး ၇၀ ထိ သွင်းယူနိုင်ခဲ့သော်လည်း ကစားသမားအနေဖြင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်း၌ ဆက်လက်ကစားရန် ဆန္ဒမရှိတော့သောကြောင့် နွေရာသီတွင် အသင်းမှ ထွက်ခွာမည်ဟု လိုင်ယွန်အသင်းက ပြောကြားခဲ့သည်။

လက်ရှိတွင် ဒမ်ဘီလီကို ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် အဲဗာတန်အသင်း၊ ဆောက်သမ်တန်အသင်း၊ မန်ယူအသင်း၊ စပါးအသင်းနှင့် စပိန်ကလပ် ဘာစီလိုနာအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း အဲဗာတန်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့က ဒမ်ဘီလီကို ခေါ်ယူနိုင်ရန် ထိပ်ဆုံးတွင် ဦးဆောင်နေသောကြောင့် ၎င်းသည် ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားရန် သေချာလျက်ရှိသည်။

ဒမ်ဘီလီသည် ၂၀၁၃ ခုနှစ်က ဖူလ်ဟမ်အသင်းနှင့် ကစားသမားဘဝစတင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ဆဲလ်တစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ၂၀၁၈ ခုနှစ်တွင် လိုင်ယွန်အသင်းသို့ ရောက်ရှိခဲ့ချိန်တွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ၂၀၂၀ ခုနှစ်တွင် အေဗာတီကိုအသင်းသို့အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး ၂၀၂၁ ခုနှစ်တွင် လိုင်ယွန်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ရာ ပြိုင်ပွဲစုံ ၆၁ ပွဲတွင် ၂၅ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် ဥရောပထိပ်တန်း ကလပ်အသင်းများ၏ ကမ်းလှမ်းမှုကိုရရှိခဲ့သဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

# ယူရိုပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(B) ပွဲကြိုသုံးသပ်ချက်

STA

**ပြင်သစ် Vs နယ်သာလန်**

**ကစားမည့်ရက်/အချိန် ၂၅-၃-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နယ်သာလန် ၂ - ၀ ပြင်သစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ပြင်သစ်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **နယ်သာလန်** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |

နှစ်သင်းစလုံးနောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းမွန်နေတယ်ဆိုပေမဲ့ နယ်သာလန်အသင်းခံစစ်ပိုင်းက စိတ်ချလို့မရပါဘူး။လက်ရှိပြင်သစ်အသင်းရဲ့ကစားသမားစုဖွဲ့မှုပိုင်းကလဲတောင့်တင်းနေပြီး အမ်ဘက်ပီဦးဆောင်တဲ့တိုက်စစ်ပိုင်းကို နယ်သာလန်အသင်းထိန်းချုပ်ရခက်ခဲနိုင်လို့ တိုက်စစ်ပိုင်းပိုမိုအားကောင်းတဲ့ ပြင်သစ်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ပြင်သစ် ၂ – ၁ နယ်သာလန်**

## အားကစားသတင်း အတိုအထွာများ

- ဆီဗီလာအသင်းက နည်းပြဆမ်ပါအိုလီ၏နေရာတွင် မန်ဒီလီဗာကို ဇွန် ၃၀ ရက်ထိ ကာလတိုစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက မိုနာကိုအသင်းခံစစ်ကစားသမား ဒီဆာစီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၄ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မချရသေးဟု ကွင်းလယ်ကစားသမား ရာဘီယို့စ်က ပြောကြားခဲ့ကြောင်း သိရသည်။

ML

# ချဲလ်ဆီးအသင်းက အူဘာမီယန်းကို စာချုပ်ဖျက်သိမ်းရန် ပြင်ဆင်



**လန်ဒန် မတ် ၂၂**

ပြီးခဲ့သည့် မတ် ၂၀ ရက်က ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအသင်းက အနိုင်ရခဲ့ပြီးနောက် အောင်ပွဲခံအခမ်းအနားသို့ သွားရောက်ခဲ့သည့် တိုက်စစ်မှူး အူဘာမီယန်းကို ချဲလ်ဆီးအသင်းက စာချုပ်ဖျက်သိမ်းရန် ပြင်ဆင်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အူဘာမီယန်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းသို့ ယူရို ၁၂ သန်းဖြင့်ပြောင်းရွှေ့ရောက်ရှိခဲ့ကာ ၂၀၂၄ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆိုခဲ့သော်လည်း၎င်းအနေဖြင့် ပြိုင်ပွဲစုံ ၁၈ ပွဲသာပါဝင်ခဲ့ရကာ သွင်းဂိုးသုံးဂိုးသာ သွင်းယူနိုင်ခဲ့ပြီး နည်းပြသစ် ဂရာဟမ်ပေါ်တာလက်အောက်တွင် ပုံစံကောင်းပျောက်ဆုံး၍ ခြေစွမ်းပိုင်းကျဆင်းလာခဲ့သည့်အပြင် နည်းပြဂရာဟမ်ပေါ်တာနှင့်လည်းဆက်ဆံရေးတင်းမာမှုများကြောင့် ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေသည်။

ထို့ကြောင့် အူဘာမီယန်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ဘာစီလိုနာအသင်း၏ ရီးရဲလ်မက်ဒရစ်အသင်းကိုအနိုင်ရရှိပြီး အောင်ပွဲခံအခမ်းအနားသို့ သွားရောက်ခဲ့ပြီးနောက် ချဲလ်ဆီးအသင်း တာဝန်ရှိသူများက ၎င်းနှင့်စာချုပ်ဖျက်သိမ်းရန်စီစဉ်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲကာလအပြီးတွင် ဆုံးဖြတ်ချက်ချမှတ်ဖွယ်ရှိနေသည်။

အသက် ၃၃ နှစ်ရှိအူဘာမီယန်းသည် ၂၀၂၂ ခုနှစ်က အာဆင်နယ်အသင်းမှ ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့ပြီး အသင်းတွင် တစ်နှစ်ခွဲကျော်ကစားခဲ့သည့်ကာလ၌ ၂၄ ပွဲတွင် သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း အသင်းအနေဖြင့်ဘဏ္ဍာရေးအခက်အခဲကြောင့် ချဲလ်ဆီးအသင်းသို့ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# Estoril Open တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဝေါရင်ခါ ပြောကြား

**ဂျိုနီဗာ မတ် ၂၂**

ဆွစ်ဇာလန်အဆင့်(၁)တင်းနစ်ကစားသမား ဝေါရင်ခါက ပေါ်တူဂီနိုင်ငံ၌ကျင်းပမည့် Estoril Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု TWUS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Estoril Open တင်းနစ်ပြိုင်ပွဲသည် ယခုနှစ်မြေစေးကွင်းပြိုင်ပွဲရာသီ၏ ပထမဆုံးသောပြိုင်ပွဲဖြစ်ပြီး ဝေါရင်ခါက ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဝေါရင်ခါက "ကံမကောင်းစွာနဲ့ Estoril Open တင်းနစ်ပြိုင်ပွဲမှာ ကျွန်တော် ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒီပြိုင်ပွဲမှာယှဉ်ပြိုင်သွားဖို့ ပြင်ဆင်မှုတွေပြုလုပ်ထားပါတယ်။ ဒါပေမဲ့ ဒဏ်ရာပြဿနာရှိနေတဲ့အတွက် ပြိုင်ပွဲဝင်ဖို့အဆင်မပြေတော့ဘူး။ ဒီပြိုင်ပွဲမှာယှဉ်ပြိုင်ဖို့အတွက် ကျွန်တော့်ကို ဖိတ်ကြားပေးခဲ့တဲ့ ပြိုင်ပွဲကျင်းပရေးကော်မတီနဲ့ ဇီဟာအိုကို ကျေးဇူးတင်ပါတယ်။ နောက်နှစ်တော့ သေချာပေါက် ယှဉ်ပြိုင်နိုင်မယ်လို့ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြေစေးကွင်းပြိုင်ပွဲသည်အခြားပြိုင်ပွဲများထက် ပိုမိုပင်ပန်းစေပြီး အသက် ၃၇ နှစ် ရှိနေပြီဖြစ်သည့် ဝေါရင်ခါအတွက် အခက်အခဲရှိနေပြီး မြေစေးကွင်းတွင် ယှဉ်ပြိုင်ရသည့်ပြိုင်ပွဲများသည် ကစားသမားများကို ဒဏ်ရာရလွယ်စေသည့်အတွက် ကြံ့ခိုင်မှုမပြည့်ဝသေးသလို ဒဏ်ရာပြဿနာရှိနေသောကြောင့် အတွက် ဝေါရင်ခါက ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

Estoril Open တင်းနစ်ပြိုင်ပွဲကို မေ ၃ ရက်တွင်စတင်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီက ပွဲစဉ်ဇယားရေးဆွဲမှုများကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

AZL



# ဘယ်လ်ဂျီယံအသင်းက ဒီဘရိုင်းကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်

**ဘရပ်ဆဲလ် မတ် ၂၂**

ဘယ်လ်ဂျီယံအသင်းက နည်းပြမာတီနက်ဇ်၏နေရာတွင် နည်းပြတက်ဒက်စ်ကိုအား နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပြီးနောက်ပိုင်း ၎င်းက ကွင်းလယ်ကစားသမား ဒီဘရိုင်းကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။



ယခင်က ဘယ်လ်ဂျီယံအသင်းခေါင်းဆောင်အဖြစ် ကစားနေသည့် ရီးရဲလ်မက်ဒရစ်အသင်းမှ ဟာဇက်က ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခွာခဲ့ရပြီးနောက် နိုင်ငံအသင်း ကစားသမားဘဝမှ အနားယူခဲ့သောကြောင့် နည်းပြသစ် တက်ဒက်စ်ကိုက ယူရို ၂၀၂၄ ခြေစစ်ပွဲများ မကစားမီ ဒီဘရိုင်းကို အသင်းခေါင်းဆောင်အဖြစ်ခန့်အပ်ကြောင်း ကြေညာခဲ့သည်။

နည်းပြသစ် တက်ဒက်စ်ကိုက ဒီဘရိုင်းသည် ဘယ်လ်ဂျီယံအသင်းတွင် ပြိုင်ပွဲစုံ ၉၇ ပွဲ၌ သွင်းဂိုး ၂၅ ဂိုးထိသွင်းယူနိုင်ခဲ့သဖြင့် ၎င်း၏ စွမ်းဆောင်ရည်ကြောင့် အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့ကာ ရီးရဲလ်မက်ဒရစ်အသင်းမှ ဂိုးသမား ကော့တွားနှင့် အင်တာမီလန်အသင်း တိုက်စစ်မှူး လူကာကူတို့ကို ဒုတိယအသင်းခေါင်းဆောင်များအဖြစ် ခန့်အပ်ခဲ့သည်။

ဘယ်လ်ဂျီယံအသင်းသည် ယူရို ၂၀၂၄ ခြေစစ်ပွဲ အုပ်စု(F)တွင် ဩစတြီးယားအသင်း၊ အဇာဘိုင်ဂျန်အသင်း၊ အက်စ်တိုးနီးယားအသင်း၊ ဆွီဒင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မတ် ၂၅ ရက်တွင် ဆွီဒင်အသင်းကို အဝေးကွင်း၊ မတ် ၂၉ ရက်တွင် ဂျာမနီအသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်ကြောင်း သိရသည်။

ML

# Hero Tri-Nation International Football Tournament 2023 ပြိုင်ပွဲတွင် အိန္ဒိယအသင်းက မြန်မာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ

**ရန်ကုန် မတ် ၂၂**

Hero Tri-Nation International Football Tournament 2023 ပြိုင်ပွဲအဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီ အိန္ဒိယနိုင်ငံတွင် အိမ်ရှင်အိန္ဒိယအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိန္ဒိယအသင်းက တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အသိအမှတ်ပြုနိုင်ငံတကာခြေစမ်းပွဲကာလတွင် သုံးနိုင်ငံဖိတ်ခေါ်ခြေစမ်းပွဲစဉ်ဖြစ်သော်လည်း အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြီး Hero Tri-Nation International Football Tournament 2023 ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။



အဆိုပါပွဲစဉ်၌ မြန်မာအသင်းက မောင်မောင်လွင်၊ အောင်သူ၊ ဟိန်းထက်အောင်အစရှိသည့် အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အိန္ဒိယအသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ်တွင် သာဟကာ အိန္ဒိယအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီး အိန္ဒိယအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အိန္ဒိယအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း မြန်မာအသင်းကလည်း တန်ပြန်တိုက်စစ်များမှတစ်ဆင့် အကောင်းဆုံးတုံ့ပြန်ကစားပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အိန္ဒိယအသင်းက မြန်မာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို လက်ရည်စမ်းလက်ဝှေ့ပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၂**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂)



ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို လက်ရည်စမ်းလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လက်ရည်စမ်းပြိုင်ပွဲ အမျိုးသား ၅၁-၅၄ ကီလိုတန်းပြိုင်ပွဲ၊ ၅၇-၆၀ ကီလိုတန်း၊၆၃ ဒသမ ၅ ကီလိုတန်း၊ ၆၇-၈၀ ကီလိုတန်း ပွဲစဉ်လေးပွဲ ထိုးသတ်ခဲ့ကြသကဲ့သို့ အမျိုးသမီးပြိုင်ပွဲတွင်လည်း ၅၄-၅၇ ကီလိုတန်းတို့တွင် စုစုပေါင်း ၁၀ ဦး ထိုးသတ်ခဲ့ကြကာ အဆိုပါပြိုင်ပွဲမှတစ်ဆင့် ကစားသမားများ၏ စွမ်းဆောင်ရည်များအပေါ် မူတည်ပြီး (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါလက်ရည်စမ်းပြိုင်ပွဲအပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လိုအပ်သည်များမှာကြားခဲ့ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ STA

# တရုတ်နိုင်ငံလေ့ကျင့်ရေးခရီးစဉ်ခြေစမ်းပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းနှင့် Chang Chun FC အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်

**ရန်ကုန် မတ် ၂၂**

၂၀၂၄ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် တရုတ်နိုင်ငံ၌ လေ့ကျင့်ရေးခရီးစဉ် ရောက်ရှိနေသည့် မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ ကူမင်းမြို့တွင် တရုတ်အမျိုးသမီးကလပ်အသင်းတစ်သင်းဖြစ်သည့် Chang Chun FC အသင်းနှင့် ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းသည် အဓိက ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး တရုတ်အမျိုးသမီးလိဂ်ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် Chang Chun FC အသင်းကို အကောင်းဆုံးရင်ဆိုင်ကစားနိုင်ခဲ့ပြီး နှစ်ဖက်အသင်းကစားသမားများ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

Chang Chun FC အသင်းသည် တရုတ်အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီ တရုတ်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတွင်လည်း အဆင့်(၃)နေရာတွင် ရပ်တည်နေသည့် ထိပ်တန်းအသင်းတစ်သင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံလေ့ကျင့်ရေးခရီးစဉ်အတွင်း ခြေစမ်းပွဲစဉ်သုံးပွဲကစားခဲ့ရာ ကမ္ဘောဒီးယားအမျိုးသမီးအသင်းကို လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး တရုတ်အမျိုးသမီးစူပါလိဂ်ကလပ်အသင်းများဖြစ်သည့် Sichuan FC အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်နှင့် Chang Chun FCအသင်းနှင့်ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်များ အသီးသီးထွက်ပေါ်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် မတ် ၂၄ ရက်တွင် တရုတ်နိုင်ငံလေ့ကျင့်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ဧပြီလတွင် ၂၀၂၄ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲခြေစစ်ပွဲပထမအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA



# ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ထိုးသတ်တော့မည်မဟုတ်ဟု အူဆက်ခ်ထုတ်ပြန်

**လန်ဒန် မတ် ၂၂**

ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် WBC ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ တိုင်ဆန်ဖျူရီနှင့် WBA(Super)၊ IBF၊ WBO၊ IBO ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံအူဆက်ခ်တို့ ဧပြီလတွင် ထိုးသတ်ရန် သဘောတူညီမှုရရှိထားသော်လည်း တိုင်ဆန်ဖျူရီက တစ်ဖက်သတ် တောင်းဆိုမှုများပြုလုပ်ခဲ့သည့်အတွက် ပျက်ပြယ်ခဲ့ရကြောင်း Metro သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖျူရီနှင့် အူဆက်ခ်တို့ အသေးစိတ် ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ တိုင်ဆန်ဖျူရီသည် ထိုးသတ်ကြေးအနေဖြင့် ၇၀-၃၀ ရာခိုင်နှုန်း ထိရယူသွားမည့်အချက်ကို အူဆက်ခ်ဘက်မှ လက်ခံထားပြီး စိန်ခေါ်ပွဲအပြီးတွင် တိုင်ဆန်ဖျူရီသည် ယူကရိန်းစစ်ဘေးရှောင်ဒုက္ခသည်များကို အမေရိကန်ဒေါ်လာ တစ်သန်းပေးလှူရမည်ဖြစ်ကြောင်း အူဆက်ခ်က တောင်းဆိုခဲ့သည်။

အူဆက်ခ်၏တောင်းဆိုချက်ကို တိုင်ဆန်ဖျူရီက လက်ခံခဲ့သော်လည်း အသေးစိတ်အချက်အလက်များ ဆက်လက်ဆွေးနွေးရာတွင် တိုင်ဆန်ဖျူရီဘက်မှ တစ်ဖက်သတ် တောင်းဆိုမှုများ ပြုလုပ်ခဲ့သည့်အတွက် စိန်ခေါ်ပွဲ ပျက်ပြယ်ခဲ့ခြင်းဖြစ်သည်ဟု အူဆက်ခ်၏မန်နေဂျာဖြစ်သူက ပြောကြားခဲ့သည်။

အူဆက်ခ်၏ မန်နေဂျာ ကလီမက်စ်က "ဆွေးနွေးမှုတွေပြုလုပ်တာ နောက်ဆုံးအဆင့်ရောက်ခဲ့ပါတယ်။ ဧပြီ ၂၉ ရက်မှာထိုးသတ်ဖို့အကြမ်းဖျင်းသဘောတူညီချက်ရထားတယ်။ ဒါပေမဲ့ တိုင်ဆန်ဖျူရီ တောင်းဆိုတာတွေက တစ်ဖက်သတ်ဆန်နေပါတယ်။ ကျွန်တော်တို့ဘက်က ဒီလောက် လျှော့ပေးထားတာတောင် ဘယ်လိုမှလက်ခံလို့မရတဲ့တောင်းဆိုမှုဖြစ်တဲ့အတွက်မဆွေးနွေးတော့ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အိုဇေးလ် ကြေညာ

**လန်ဒန် မတ် ၂၂**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် အာဆင်နယ်အသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် အိုဇေးလ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၄ နှစ်ရှိ အိုဇေးလ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်က ရှော်လ်ကေးအသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဝါဒါဘရီမင်အသင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းတွင် ၂၀၁၃ ခုနှစ်ထိ ပြိုင်ပွဲစုံ ၁၅၉ ပွဲထိပါဝင်ကစားခဲ့ပြီး ၂၇ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

အိုဇေးလ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများစွာရယူနိုင်ခဲ့ပြီး စပိန်လာလီဂါဖလားတစ်ကြိမ်၊ စပိန်စူပါဖလားတစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် အိုဇေးလ်သည် ၂၀၁၃ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ၂၅၄ပွဲထိပါဝင်ကစားခဲ့ကာ ၄၄ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အက်ဖ်အေဖလား လေးကြိမ်နှင့် ကွန်မြူနတီဒိုင်းနှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အိုဇေးလ်သည် အာဆင်နယ်အသင်းတွင် နည်းပြအာတီတာနှင့် ဆက်ဆံရေးမပြေလည်မှုများဖြစ်ပွားခဲ့ပြီး ၂၀၂၁ ခုနှစ်က အာဆင်နယ်အသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ကာ တူရကီကလပ်အသင်းများဖြစ်သည့် ဖီနာဘာချီနှင့် အစ္စတန်ဘူလ်အသင်းတို့သို့ ပြောင်းရွှေ့ကစားခဲ့ပြီး အစ္စတန်ဘူလ်အသင်း၌ နောက်ဆုံးကစားခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သည်။

၎င်းသည် ဂျာမနီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၉၂ ပွဲ ကစားခဲ့ပြီး ၂၃ ဂိုးသွင်းယူနိုင်ခဲ့ကာ ကမ္ဘာ့ဖလားချန်ပီယံတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။ STA

# ငလျင်အလွန် တူရကီနိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံမှု အလားအလာ

**❖ တူရကီ၏လယ်ယာများတွင် မကြာမီ လူး၊ စပါး၊ ပဲပိစပ်နှင့် နေကြာတို့ စိုက်ပျိုးရတော့မည်ဖြစ်သည်။ စိုက်ပျိုးရေးရာသီတွင် အချိန်မီပျိုးကြဲနိုင်ရေးနှင့် တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးတို့အတွက် လယ်သမားများသည် မျိုးစေ့၊ မြေဩဇာ၊ စက်သုံးဆီများ အရေးပေါ် လိုအပ်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ငလျင်ဘေးဒဏ်သင့်လယ်သမားများအတွက် ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ၁၄၈ သန်း ထုတ်ပေးသွားမည်ဟုဆိုသည်။ အစိုးရအနေဖြင့် ထိုသို့ ပံ့ပိုးငွေထုတ်ပေးသည့်တိုင်အောင် အလုပ်သမားလိုအပ်ချက်ပြဿနာကို မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းသွားမည်ဆိုသောအချက်ကို တိတိကျကျထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။ ❖**

တူရကီနိုင်ငံ၏စီးပွားရေးသည် ဖေဖော်ဝါရီ ၆ ရက် ငလျင်မလှုပ်ခတ်မီကတည်းကပင် ချည့်နဲ့ယိမ်းယိုင်လျက်ရှိရာ ငလျင်လှုပ်ခတ်ပြီးနောက် အရေးပါဆုံးသောလုပ်ငန်းများအနက်မှ စိုက်ပျိုးရေးကဏ္ဍပျက်စီးဆုံးရှုံးမှုသည် တိုင်းပြည်စီးပွားရေးကို အန္တရာယ်ရှိသောအခြေအနေတစ်ရပ်သို့ တွန်းပို့သလိုဖြစ်လာခဲ့တော့သည်။ ကောက်ပဲသီးနှံများစိုက်ပျိုးချိန်နီးကပ်လာပြီဖြစ်သည့်အတွက် ငလျင်ဘေးဒဏ်သင့်ဒေသများရှိ လယ်သမားများသည် အရေးပေါ်အကူအညီများ လိုအပ်လာပြီဖြစ်သည်။ လယ်သမားများ ပျိုးကြဲနိုင်မှသာလျှင် တစ်နိုင်ငံလုံး စားနပ်ရိက္ခာပြတ်လပ်မှုအန္တရာယ်မှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

အမှန်တော့ တူရကီနိုင်ငံတွင် ငလျင်ဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာနှင့်ဆက်နွယ်သောနောက်ဆက်တွဲပြဿနာများကို ရင်ဆိုင်နေရပြီဖြစ်သည်။ ငလျင်လှုပ်ခတ်ပြီးတစ်ပတ်အတွင်း သားသတ်ရုံများပျက်စီးခဲ့သဖြင့် အသားဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်လာပြီဖြစ်သည်။ ငလျင်ဘေးဒဏ်သင့်ဒေသသည် တူရကီနိုင်ငံ၏ အသားငါးလိုအပ်ချက် ၁၂ ရာခိုင်နှုန်းခန့်ဖြည့်ဆည်းလျက်ရှိသည့်အတွက် သား၊ ငါးထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်အပေါ်တွင်လည်း သက်ရောက်မှုများရှိလာခဲ့သည်။ လက်ရှိအချိန်တွင် အမဲသား တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဒေါ်လာထိရှိလာပြီဖြစ်သည့်အတွက် ၄၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းမြင့်တက်လာခဲ့သည်။

အခြားစားသောက်ကုန်များမှာလည်း တဖြည်းဖြည်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ ဖေဖော်ဝါရီလအတွင်း စားနပ်ရိက္ခာဈေးနှုန်း ခုနစ်ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ဟင်းသီးဟင်းရွက်ဈေးနှုန်းမှာ ၂၄ ရာခိုင်နှုန်းနှင့် အသီးအနှံဈေးနှုန်းမှာ ၁၀ ရာခိုင်နှုန်းထိ အသီးသီးမြင့်တက်လာခဲ့သည်။ ထို့ကြောင့် ငလျင်ဘေးဒဏ်သင့်ဒေသများတွင် စားနပ်ရိက္ခာထုတ်လုပ်မှု ချက်ချင်းလုပ်ဆောင်နိုင်ခြင်းမရှိလျှင် စားနပ်ရိက္ခာလိုအပ်ချက်ဆက်လက်မြင့်တက်လာမည်ဖြစ်သည်။

တူရကီနိုင်ငံတွင် ငွေကြေးဖောင်းပွမှုလည်း မြင့်တက်လျက်ရှိပြီး ယခုနှစ် ဇန်နဝါရီလတွင် ငွေကြေးဖောင်းပွမှုနှုန်း ၅၇ ရာခိုင်နှုန်းထိရှိခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်များက မေလတွင်ပြုလုပ်မည့် ရွေးကောက်ပွဲမတိုင်မီ ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းနိုင်သည်ဟု ခန့်မှန်းတွက်ချက်ခဲ့သော်လည်း လက်ရှိအနေအထားတိုင်းသွားမည်ဆိုလျှင် ကျဆင်းလာဖွယ်ရာမရှိပေ။ ငလျင်နှင့်ဆက်နွယ်သော ကုန်ထုတ်လုပ်ငန်းများ၌ ဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံရှိသောကြောင့် ငွေကြေးဖောင်းပွမှုနှုန်း ပိုမိုမြင့်တက်လာနိုင်ပြီး အထူးသဖြင့် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာနိုင်သည်။

ငလျင်ဘေးဒဏ်သင့် ပြည်နယ် ၁၀ ခုသည် တိုင်းပြည်အတွက် စားနပ်ရိက္ခာထုတ်လုပ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အဆိုပါပြည်နယ်များမှ စားနပ်ရိက္ခာထုတ်လုပ်နိုင်မှုသည် တစ်နိုင်ငံလုံးထုတ်လုပ်မှု၏ ၁၅ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၈ ဘီလီယံခန့်ရှိသည်။ အဆိုပါထုတ်လုပ်မှုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်သည် ဟင်းသီးဟင်းရွက်များဖြစ်သည်။ ထို့ပြင် တူရကီလယ်သမား ၁၃ ရာခိုင်နှုန်းခန့်သည် အဆိုပါငလျင်ဘေးဒဏ်သင့်ဒေသတွင် နေထိုင်လျက်ရှိပြီး ၎င်းတို့ကျေးရွာများသည် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့ရသည့်အပြင် အကူအညီများလည်း လိုအပ်လျက်ရှိသည်။

အချို့သောလယ်သမားများသာလျှင် ပျက်စီးဆုံးရှုံးမှုများအတွက် နစ်နာကြေးလက်ခံရရှိသေးသည်။ တူရကီစိုက်ပျိုးရေးလုပ်ငန်းအာမခံအဖွဲ့သည် ငလျင်ဘေးဒဏ်သင့်ပြီးနောက်ပိုင်း အာမခံကြေးအဖြစ် အမေရိကန်ဒေါ်လာ ၅၇၉၇၂၂ သာပေးနိုင်သေးသည်။ တူရကီလယ်သမား ၂၀ ရာခိုင်နှုန်းခန့်သာလျှင် အာမခံထားရှိကြပြီး ကျန်လယ်သမားများမှာမူ အာမခံထားရှိခြင်းမရှိသည့်အတွက် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက် အစိုးရ၏ပံ့ပိုးကြေးကိုသာ မျှော်လင့်နေကြရသည်။

တူရကီ၏လယ်ယာများတွင် မကြာမီ လူး၊ စပါး၊ ပဲပိစပ်နှင့် နေကြာတို့ စိုက်ပျိုးရတော့မည်ဖြစ်သည်။ စိုက်ပျိုးရေးရာသီတွင် အချိန်မီပျိုးကြဲနိုင်ရေးနှင့် တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးတို့အတွက် လယ်သမားများသည် မျိုးစေ့၊ မြေဩဇာ၊ စက်သုံးဆီများ အရေးပေါ်လိုအပ်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ငလျင်ဘေးဒဏ်သင့်လယ်သမားများအတွက် ပံ့ပိုးငွေအမေရိကန်ဒေါ်လာ ၁၄၈ သန်း ထုတ်ပေးသွားမည်ဟုဆိုသည်။

အစိုးရအနေဖြင့် ထိုသို့ ပံ့ပိုးငွေထုတ်ပေးသည့်တိုင်အောင် အလုပ်သမားလိုအပ်ချက်ပြဿနာကို မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းသွားမည်ဆိုသောအချက်ကို တိတိကျကျထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။ နေအိမ်နှင့် မိသားစုများ၊ ဆွေမျိုးမိတ်ဆွေများဆုံးရှုံးခဲ့ရသူများကို လုပ်ငန်းခွင်ပြန်ဝင်နိုင်ရေးအတွက် မည်ကဲ့သို့စည်းရုံးဆောင်ရွက်သွားမလဲ၊ ၎င်းတို့ လုပ်ငန်းခွင်မဝင်နိုင်သေးလျှင် ၎င်းတို့နေရာတွင် မည်သူများက လုပ်ဆောင်သွားမလဲဆိုသောမေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။

အလုပ်သမားလိုအပ်ချက်သည် တူရကီစိုက်ပျိုးရေးကဏ္ဍအတွက် ကျော်လွှားရမည့် အကြီးမားဆုံးအတားအဆီးတစ်ရပ်ပင်ဖြစ်သည်။ Hatay ပြည်နယ်ရှိ ရှောက်သီးတန်ချိန် ၁၀၀၀၀၀ ခန့်သည် ခူးဆွတ်သူမရှိသဖြင့် အပင်များပေါ်တွင် ရှိနေဆဲပင်ဖြစ်ပြီး အခြားတန်ချိန် ၃၀၀၀၀၀ ခန့်မှာလည်း ဆိပ်ကမ်းများတွင် သောင်တင်လျက်ရှိသည်။ တူရကီနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ရှောက်သီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၆ သန်းရရှိခဲ့သည်။

လယ်ယာစိုက်ပျိုးရေးသည် အချိန်ကိုက်လုပ်ဆောင်ရသော စီးပွားရေးလုပ်ငန်းဖြစ်ပြီး ဟင်းသီးဟင်းရွက်စိုက်ပျိုးချိန်နှင့် အသီးအနှံခူးဆွတ်သည့်ကာလသည် တိုတောင်းလွန်းလှသည်။ အစိုးရအနေဖြင့် အရေးယူဆောင်ရွက်သွားမည့်အစီအမံများကို ချက်ချင်းအကောင်အထည်ဖော်သွားရန် လိုအပ်သည်။ စိတ်မကောင်းစရာကောင်းသည့်အချက်မှာ တူရကီအနေဖြင့် ချက်ချင်းဆောင်ရွက်သွားနိုင်မည့်အလားအလာနည်းပါးလျက်ရှိသည်။

လက်ရှိအချိန်တွင် အစိုးရသည် အပျက်အစီးများဖယ်ရှားနိုင်ရေးအတွက် ရုန်းကန်နေရဆဲပင်ဖြစ်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံထောင်ပေါင်းများစွာပြိုကျရာမှ ဖြစ်ပေါ်လာသော အပျက်အစီးများသည် တန်ချိန် သန်း ၂၁၀ ခန့်ရှိကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP) က ခန့်မှန်းတွက်ချက်ထားရှိပြီး သဘာဝဘေးအန္တရာယ်တစ်ခုတည်းမှ ထွက်ပေါ်လာသည့် ပမာဏအများဆုံးသော အပျက်အစီးများပင်ဖြစ်သည်။ ၁၉၉၉ ခုနှစ်က တူရကီနိုင်ငံ Marmara တွင် လှုပ်ခတ်ခဲ့သောငလျင်၌ အပျက်အစီးတန်ချိန် ၁၃ သန်းခန့်သာရှိခဲ့သည်။

ထို့ကြောင့် တူရကီခေါင်းဆောင်များအနေဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် ခေါင်းခဲလျက်ရှိသည်။ လိပ်နှင့် ငှက်မျိုးစိတ် ၃၀၀ ကျော်ကျက်စားလျက်ရှိသည့် Hatay ပြည်နယ်ကမ်းခြေတစ်လျှောက်တွင် အပျက်အစီးအစိတ်အပိုင်းများစွာစုပုံထားသည့် ဓာတ်ပုံများသည် လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိသည်။ ထို့ပြင် Gaziantep မြို့နယ်တွင်လည်း လယ်သမားများအသုံးပြုနေသော ရေကန်များတွင် အပျက်အစီးများစုပုံထားသည့် ဗီဒီယိုဖိုင်များသည် လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိသည်။ အမှန်တော့ ရေကန်များ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ကမ်းခြေများတွင် အပျက်အစီးများစွန့်ပစ်ခြင်းသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာစေနိုင်သည်။

တူရကီနိုင်ငံသည် ကြီးမားသော အပျက်အစီးများကြားမှ ပြန်လည်ရုန်းထနိုင်ရေးအတွက် ရင်ဆိုင်ရလျက်ရှိသည်။ တူရကီနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် ရုပ်ဝတ္ထုပစ္စည်းများ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂ ဘီလီယံရှိပြီး တိုင်းပြည် GDP ၏ ၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းတွက်ချက်ထားသည်။ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုကုန်ကျစရိတ်သည် ပျက်စီးမှုတန်ဖိုးထက် နှစ်ဆကျော်ကုန်ကျနိုင်သည်။ စင်စစ်အားဖြင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်လွန်ကြောင်း တူရကီရှိ UNDP ကိုယ်စားလှယ်က ပြောကြားသွားခဲ့သည်။

တူရကီနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကွန်ရက်တွင် ငလျင်ဒဏ်ခံနိုင်ရေးအတွက် ကြိုးပမ်းရလျက်ရှိသဖြင့် အစိုးရသည် အနာဂတ်တွင် လယ်ယာကဏ္ဍကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ခြင်းမရှိသေးပေ။ လယ်သမားများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ပျက်ကွက်ခြင်းသည် ရေရှည်စားနပ်ရိက္ခာလုံခြုံမှုအတွက် ပြဿနာများကြီးထွားလာနိုင်သည်။ ထို့ကြောင့် တူရကီနိုင်ငံအနေဖြင့် လယ်သမားများ လုပ်ငန်းခွင် စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရေးနှင့် တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးတို့အတွက် ကျေးလက်ဒေသစီးပွားရေးအခြေခံအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်သွားရန်လိုအပ်ပေသည်။

**ကိုးကား**

**Food insecurity looms after Turkey's earthquakes by Asia Time.**

**မောင်စိန်အိ (နဘဲမြေ)**

## မိုင်းရယ်မြို့နယ် နားပန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းရယ် မတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ကျေးရွာနေပြည်သူလုပ်အားထည့်ဝင်မှုတို့ဖြင့် မိုင်းရယ်မြို့နယ် နားပန်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မိုင်းရယ်မြို့နယ် နားပန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းရယ်မြို့နယ် နားပန်ကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍ သိရသည်။

**နံ့လာ**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဩစတြေးလျက Hypersonic Research အတွက် စမ်းသပ်ယာဉ်များကို အမေရိကန်သို့ပေးပို့သွားမည်



ဩစတြေးလျနိုင်ငံ အာကာသယာဉ်ကုမ္ပဏီ Hypersonix Launch Systems သည် အမေရိကန်နိုင်ငံကာကွယ်ရေးဆိုင်ရာ ဆန်းသစ်တီထွင်ရေးတပ်ဖွဲ့ Defense Innovation Unit (DIU) သို့ Hypersonic Research အတွက် စမ်းသပ်ယာဉ်များပေးပို့ရန် လက်မှတ်ရေးထိုးခဲ့ကြောင်း မတ် ၂၀ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ လက်မှတ်ရေးထိုးမှုသည် Hypersonic နှင့်High-Cadence Airborne Testing Capabilities (HyCAT1) ပရိုဂရမ်ကို ပံ့ပိုးပေးသွားမည်ဟု သိရသည်။ အမေရိကန်နိုင်ငံ Hypersonix Research နှင့် ဖွံ့ဖြိုးတိုးတက်မှု လျှင်မြန်စွာအသားကျနိုင်စေရန် ခေတ်မီ၊ ဈေးနည်း၊ အလိုက်သင့်မြင့်မားသောစွမ်းဆောင်ရည်များနှင့် နှစ်မျိုးသုံးနိုင်သော ဝေဟင်ပလက်ဖောင်းများကို အရင်းအမြစ်ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းမှုဖြစ်သည်။

စာချုပ်အရ Hypersonix ကုမ္ပဏီသည် ၎င်း၏ DART AE (Additive Engineering) သရုပ်ပြ၊ စမ်းသပ်ရေးယာဉ်ကိုပေးအပ်သွားမည်ဖြစ်သည်။ ၎င်းစမ်းသပ်ရေးယာဉ်သည် Spartan Scramjet အင်ဂျင်နှင့် ပေါင် ၂၀(ကိုးကီလိုဂရမ်) သယ်ဆောင်နိုင်စွမ်းရှိသော Modular Payload Bay တပ်ဆင်ထားသည့် 3D-Printed နည်းပညာဖြင့် ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။

၃ မီတာ (၉ ဒသမ ၈ပေ) အလျားရှိသော စမ်းသပ်ရေးလေယာဉ်သည် ပဲ့ထိန်းမဲ့လမ်းကြောင်းအတိုင်း ကီလိုမီတာ ၁၀၀၀ (၆၂၀ မိုင်)ထိ ပျံသန်းနိုင်မည်ဖြစ်သည်။

၎င်းယာဉ်သည် Mach 5 မှ 7 ထိ အမြန်နှုန်း(ကီလိုမီတာ ၆၀၀၀ မှ ကီလိုမီတာ ၈၆၀၀) ဖြင့် ပျံသန်းနိုင်သည်။

"ကျွန်တော်တို့ထုတ်ထားတဲ့ စမ်းသပ်ရေးယာဉ်တွေက HyCAT1 အထွေထွေအချက်အလက်ထက်ကျော်လွန်ပြီး အနည်းဆုံး Mach 7 ထိ ပဲ့ထိန်းမဲ့ပျံသန်းမှုပုံစံမျိုးနဲ့ လုပ်ဆောင်နိုင်ပါတယ်"ဟု Hypersonix Launch Systems မန်နေးဂျင်းဒါရိုက်တာ David Waterhouse က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ရေရှည်အာရုံစူးစိုက်ထားတာကတော့ သေးငယ်တဲ့ဂြိုဟ်တုတွေ လွှတ်တင်တဲ့နေရာမှာ အသုံးပြုနေကြတဲ့ ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိ စီးပွားရေးဈေးကွက်ကို အမိအရဆုပ်ကိုင်နိုင်စေဖို့ပါပဲ။ ဒါပေမဲ့ ဩစတြေးလျရဲ့ မဟာဗျူဟာမြောက်ကာကွယ်ရေးမဟာမိတ်တွေက ကျွန်တော်တို့ရဲ့နည်းပညာအလားအလာကို အမြင်စူးရှစွာအသုံးချတတ်တယ်ဆိုတာရှင်းပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ဒါက ကျွန်တော်တို့ရဲ့ ပထမဆုံးအရေးပါတဲ့စာချုပ်ဖြစ်ပြီး ကျွန်တော်တို့ရဲ့ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းစဉ်မှာ အဓိကခြေလှမ်းတစ်ခုပါ။ ဒါက ဩစတြေးလျအနေနဲ့ နိုင်ငံတကာအာကာသပြိုင်ပွဲမှာ တန်းဝင်လာစေဖို့ ပိုနီးစပ်လာရုံပဲရှိပါသေးတယ်"ဟု David Waterhouse က သုံးသပ်ထားသည်။

HyCAT1 ကို အမေရိကန်လေတပ်၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့် အင်ဂျင်နီယာဆိုင်ရာလက်ထောက်ကာကွယ်ရေးဝန်ကြီးတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည်။

ပရိုဂရမ်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် DART AE ယာဉ်သည် အသံထက်မြန်သောစနစ်များ၊ အယူအဆများနှင့် မစ်ရှင်အကဲဖြတ်ဆန်းစစ်မှုများအတွက် အချက်အလက်များကို ရယူနိုင်လိမ့်မည်ဖြစ်သည်။

အဆိုပါယာဉ်ကို လာမည့်နှစ်အစောပိုင်းတွင် စတင်အသုံးပြုနိုင်ရန် စီစဉ်ထားသည်။ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းတွင်းပြန်လည်အသုံးပြုနိုင်ပြီး ကုန်ကျစရိတ်နည်းသောစမ်းသပ်ယာဉ်များ အသုံးပြုလာနိုင်ရေး တိုးတက်လုပ်ဆောင်နေခြင်းလည်းဖြစ်သည်ဟု DIU အာကာသအစီအစဉ်မန်နေဂျာ ဗိုလ်မှူး Ryan Weed က ပြောကြားခဲ့သည်။

HyCAT1 စီမံကိန်းသည် ဒုံးကျည်များနှင့် လက်နက်များသာမက လေယာဉ်များအတွက် အသံထက်မြန်သောနယ်ပယ်ကို အကဲဖြတ်သုံးသပ်နိုင်ရန် ပါရာဒိုင်းအပြောင်းအလဲကို ကိုယ်စားပြုသည့် စမ်းသပ်ရေးယာဉ်တစ်ခုဖြစ်ပါတော့သည်ဟု ဗိုလ်မှူး Ryan Weed က ပြောကြားခဲ့သည်။

**Australia to Deliver Test Vehicles for US Hypersonic Research ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားလေကြောင်းရန်ကာကွယ်ရေးစနစ်များက ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း အမေရိကန်ထုတ် HIMARS ဒုံးကျည်ငါးစင်းပစ်ချ



ရုရှား လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း အမေရိကန်ထုတ် HIMARS ဒုံးကျည် ငါးစင်း၊ HARM ရေဒါလှိုင်းစီးဒုံးကျည် တစ်စင်းနှင့် ဒရုန်း ခုနစ်စင်းတို့ကို ပစ်ချနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး Igor Konashenkov က မတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် Kupyansk စစ်ဆင်ရေးဒေသရှိ ယူကရိန်းတပ်ဖွဲ့များကို ချေမှုန်းတိုက်ခိုက်ခဲ့ပြီး ရန်သူတပ်ဖွဲ့ဝင် ၅၅ ဦးခန့်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း၊ ထို့ပြင် Kupyansk စစ်ဆင်ရေးလမ်းကြောင်းတွင် အနောက်ဘက်စစ်ဒေသခရိုင် တိုက်ခိုက်ရေးအုပ်စု၏ လေယာဉ်နှင့် အမြောက်တပ်ဖွဲ့များသည် Kharkov ဒေသရှိ Dvurechnaya နှင့် Berestovoye ရပ်ကွက်၊ ကျေးရွာများ၊ Lugansk ပြည်သူ့ သမ္မတနိုင်ငံရှိ Artyomovka ကျေးရွာတို့ အနီးရှိ ယူကရိန်းတပ်ဖွဲ့များကို ချေမှုန်း စစ်ဆင်ခဲ့ရာ တပ်ဖွဲ့ဝင် ၅၅ ဦး၊ သံချပ်ကာ တိုက်ခိုက်ရေးယာဉ် တစ်စီး၊ ပစ်ကပ်ထရပ် ကား နှစ်စီးနှင့် D-20 ဟောင်ဝစ်ဇာ အမြောက် တစ်လက်တို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ပါတယ်"ဟု Konashenkov က ပြောကြားသည်။

ရုရှားတပ်ဖွဲ့များသည် တိုက်ခိုက်ရေးလေယာဉ်များ၊ အမြောက်များဖြင့် Krasny Liman စစ်ဆင်ရေးဒေသရှိ ယူကရိန်းတပ်ရင်း၊ တပ်ဖွဲ့များကို ထိုးစစ်ဆင်ချေမှုန်းခဲ့ရာ ရန်သူတပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ကျော်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် တစ်စီး၊ ပစ်ကပ်ထရပ်ကား သုံးစီး၊ မော်တော်ယာဉ်တစ်စီး၊ Msta-B ဟောင်ဝစ်ဇာအမြောက် တစ်လက်တို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

"Donetsk လမ်းကြောင်း Semyonovka၊ Petrovskoye နဲ့ Tonenkoye ရပ်ကွက်၊ ကျေးရွာ၊ ဒေသတွေအနီးမှာ တောင်ပိုင်းစစ်ဒေသခရိုင်လက်အောက်မှ တိုက်ခိုက်ရေးတပ်ဖွဲ့တွေရဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုတွေကြောင့် ယူကရိန်းတပ်ဖွဲ့ဝင် ၂၄၅ ယောက်၊ တင့်ကား တစ်စီး၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် သုံးစီး၊ ပစ်ကပ်ထရပ်ကား သုံးစီး၊ Grad အတွဲလိုက်ဒုံးပစ်လောင်ချာယာဉ် တစ်စီးနဲ့Msta-B ဟောင်ဝစ်ဇာအမြောက် တစ်လက်တို့ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပါတယ်"ဟု Konashenkov က ပြောကြားခဲ့သည်။

ထို့နောက် ရုရှားတပ်ဖွဲ့များသည် တောင်ပိုင်း Donetsk နှင့် Zaporozhye စစ်ဆင်ရေးဒေသများတွင် ယူကရိန်းတပ်ဖွဲ့ဝင်ဦးရေ ၅၀ ကျော်ကို ဖယ်ရှားနိုင်ခဲ့ကြောင်း၊ တောင်ပိုင်း Donetsk နှင့် Zaporozhye ရှေ့တန်းစစ်မျက်နှာတွင် အရှေ့ပိုင်းစစ်ဒေသခရိုင်မှ တိုက်ခိုက်ရေးအုပ်စု၏ လေယာဉ်နှင့် အမြောက်တပ်ဖွဲ့များသည် Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ Ugledar နှင့် Novomikhailovka အခြေချနေထိုင်ရာအနီးရှိ ယူကရိန်းတပ်အခြေစိုက်စခန်းများကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ထိုဒေသများတွင် ရန်သူ၏ဆုံးရှုံးမှုမှာ တပ်ဖွဲ့ဝင် ဦးရေ ၅၀ ကျော်၊ တင့်ကား သုံးစီး၊ ခြေလျင်တိုက်ခိုက်ရေးယာဉ် လေးစီး၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် နှစ်စီး၊ မော်တော်ယာဉ်လေးစီးနှင့် D-20 ဟောင်ဝစ်ဇာ အမြောက်တစ်လက်တို့ဖြစ်ကြောင်း Konashenkov က ပြောကြားသည်။

"Kherson ရှေ့တန်းစစ်မျက်နှာမှာ ယူကရိန်းတပ်ဖွဲ့ဝင်အယောက် ၄၀လောက်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် နှစ်စီး၊ မော်တော်ယာဉ်သုံးစီး၊ Gvozdika ဟောင်ဝစ်ဇာအမြောက် တစ်ခု၊ ယာဉ်တင်အမြောက် တစ်စီးတို့ မီးလောင်ပျက်စီးခဲ့ပါတယ်"ဟု ၎င်းက ပြောကြားသည်။

စစ်ဆင်ရေး၊ နည်းဗျူဟာနှင့် ကြည်းတပ်၊ လေကြောင်းတပ်ဖွဲ့များ၊ ဒုံးကျည်တပ်များနှင့် အမြောက်တပ်များသည် စစ်ဆင်ရေးနေရာ ၁၁၂ ခုတွင် အမြောက်ပစ်ခတ်သည့် နေရာ၊ အဖွဲ့ ၈၂ ဖွဲ့၊ ရန်သူ့တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများတပ်ဖြန့်စုပုံရာနေရာများကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း Konashenkov က ပြောကြားသည်။

ရုရှားအာကာသတပ်ဖွဲ့မှ တိုက်လေယာဉ်တစ်စင်းသည် Kharkov ဒေသရှိ Kolesnikovka ကျေးရွာအနီးတွင် ယူကရိန်းလေတပ်မှ Mi-8 တိုက်ခိုက်ရေးရဟတ်ယာဉ်ကို ပစ်ချခဲ့သည်ဟု Konashenkov က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Russian air defenses down five US-made HIMARS rockets in Ukraine operation ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# SAC Chairman PM Senior General Min Aung Hlaing receives delegation led by Prosecutor General H.E. Mr. Igor Krasnov of Russian Federation


Senior General Min Aung Hlaing receives Prosecutor General H.E. Mr. Igor Krasnov of the Russian Federation.

**Nay Pyi Taw March 22**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Prosecutor General H.E. Mr. Igor Krasnov of Russian Federation at the parlour of the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw this afternoon.

At the meeting, they cordially exchanged views on promotion of diplomatic relations between Myanmar and Russia, enhancement of cooperation in leval affairs, plans of Myanmar legal experts to teach law subjects in Russia, Russian legal experts to teach legal affairs in Myanmar, plans of Myanmar to send trainees to learn military laws, conducting the Russian language courses in Myanmar, opening of the Myanmar language courses in Russia, and plans to promote cooperation between the two countries.

After the meeting, the Senior General and the Russian Prosecutor General exchanged gifts and had documentary photos taken together with the attendees.

Also present at the meeting together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for International Cooperation U Ko Ko Hlaing and Union Minister for Legal Affairs and Attorney-General of the Union Dr Thida Oo. Russian Prosecutor General H.E. Mr. Igor Krasnov was accompanied by Ambassador of the Russian Federation to Myanmar H.E. Dr. Nikolai LISTOPADOV and delegation members. 100


Senior General Min Aung Hlaing poses for photos together with the Russian delegation.

# More than 22,000 tons of rubber exported to earn over US$26 million

**Nay Pyi Taw March 22**

The Ministry of Commerce on 17 March stated that export of more than 22,000 tons of rubber earned over US$26 million in February 2023.

Myanmar cultivates more than 1.64 million acres of rubber plantations across the nation to yield some 400,000 tons of rubber per year. Of them, over 90 per cent of rubber is exported to foreign markets.

Myanmar sends rubber to China, Malaysia, Singapore, Indonesia, Korea, Japan, China Taiwan, India and Bangladesh, especially to China and Thailand.

In February 2023, 20,608 tons of rubber worth US$24.103 tons of rubber were shipped to foreign countries and over 2,290 tons worth US$2.606 million on the land borders.

In February, Myanmar exported more than 14,000 tons of rubber to China, over 5,300 tons to Malaysia, over 480 tons to Japan, some 200 tons to Korea, some 200 tons to Bangladesh and over 130 tons to India.

In March, rubber fetches US$1,800 per pound. So, local rubber market is active with high prices at K1,400 per pound of rubber. A plan was set to export some 300,000 tons of rubber in 2023. 336


Rubber sheets being unloaded from trucks.

# Myanmar imports four million tons of fuel till Feb in 2022-2023 FY

**Nay Pyi Taw March 22**

A total of 279 tankers were docked and imported 4.32 million tons of fuel from April 1, 2022 to the end of February 2023 in 2022-2023 FY, according to reports from the Myanma Port Authority (MPA).

Myanmar imported 0.169 tons of fuel from 13 tankers in April, 0.319 tons of fuel from 23 tankers in May, 0.352 tons of fuel from 22 tankers in June, 0.304 tons of fuel from 21 tankers in July, 0.385 tons of fuel from 24 tankers in August, 0.415 tons of fuel from 25 tankers in September, 0.402 tons of fuel from 26 tankers in October, 0.374 tons of fuel from 25 tankers in November, 0.490 tons of fuel from 31 tankers in December, 0.575 tons of fuel from 37 tankers in January and 0.535 tons of fuel from 32 tankers in February.

It is reported that the chemical tankers are also included in this list. 336

# Main structure of Thanlwin Bridge (Kunlong) completed by 87 per cent

**Nay Pyi Taw March 22**

The Ministry of Construction stated that the main structure of Thanlwin Bridge (Kunlong) has completed by 87 per cent.

The new bridge is one mile from the ole suspension bridge on Hsenwi-Kunlong-Chinshwehaw road in Kunlong Township.

The old facility was of suspension bridge, and it was 789 feet long with 40 tons of loads.

On 29 February 1964, Chinese experts participated in construction of the bridge and it was commissioned into service on 22 December 1965. The old facility is some 58 years old. So, it can withstand some 25 tons of loads.

The new bridge is being built, two miles from Kunlong, east of Tonkyet Village, with the assistance of Yunan provincial government.

The exchange of letter was signed on 30 March 2018, and the implementation agreement on 18 January 2020. Construction of the project started on 10 December 2020.

The bridge is being built by China Yunnan Sunny Road & Bridge Co., Ltd, and the facility is of balanced cantilever type prestressed concrete box girder.

The new facility is 286 metres long and 12 metres wide. The approach road on Kunlong is 354 metres and on Hsenwi 435 metres. The facility will have 75 ton loads of withstanding. Its project period will be 36 months.

On 6 March 2023, the project has completed by 87 per cent and the main structure and approach roads, will be 100 per cent complete on 1 June 2023.

Upon completion, the four-lane bridge will benefit local people from Kunlong, Laukkai, Chinshwehaw and Hopang regions. 336

# Chairman of National Water Resources Committee Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses World Water Day 2023


Senior General Min Aung Hlaing addresses the World Water Day 2023.

**Nay Pyi Taw March 22**

World Water Day 2023 was observed at Myanmar International Convention Centre II here this morning, addressed by Chairman of National Water Resources Committee (NWRC) Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Admiral Tin Aung San, Lt-Gen Moe Myint Tun, Lt-Gen Yar Pyae, Poe Rei Aung Thein, Mahn Nyein Maung, Dr Hmu Htan, U Maung Ko, Dr Aung Kyaw Min, Dr Kyaw Tun, Khun San Lwin and U Yan Kyaw, Union ministers, the Nay Pyi Taw Council chairman, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, permanent secretaries, directors general, principals and rectors from universities and colleges, distinguished guests and officials. Region/state chief ministers participated in the meeting through video conferencing.

In his keynote address, the Senior General said water is the most basic resource for all life. It is providing food and water for human beings and supporting the ecosystem and biodiversity. Water should be used systematically and effectively without causing any losses. Access to water should be ensured for every person through collective efforts. Global water demand is rising alongside the population increase and urban and industrial development. Water resources are dwindling because of the harmful impacts of climate change and human activities on them and the natural environment. Obviously, the world countries are joining hands to address the problem of shrinking water resources.


Admiral Tin Aung San presents an award to a winner.

Annual World Water Day celebrations have been held with year-wise themes to promote awareness of water resources. This year's theme is **"Accelerating Change."** As the saying goes, **"Man can survive for just one morning without water"** water is the lifeblood of mankind.

Water shortage can have multiple impacts on man including his basic needs, health and economy. Hence, nations are tasked with providing sufficient clean and safe water for their peoples. Water that is not free from infectious agents and harmful chemicals and is not odorless and colorless can be categorized as contaminated and unfit for consumption. Both nature and human impact can be the cause of water prolusion. So people must protect water from contamination.

About 71 percent of the world's surface is water-covered, and the oceans hold about 96.5 percent of all the world's water. Only 3.5 percent is freshwater and renewable water, and of them, snow-capped peaks and icecaps of the polar regions hold 68 percent and aquifers, about 30 percent. Hence, only 05 percent of the world's surface water is fresh.

As Myanmar has an abundant array of watercourses, lakes and springs it holds 1.7 percent of the world's freshwater resources. So it can be called a country with plenty of freshwater. Some water scarce countries have to apply the desalination method or the wastewater treatment method.

Although the country is rich in water resources, some areas, especially certain dry regions in central Myanmar, are facing water shortages in summer. Moreover, insufficient water supply for farming, the main business of rural areas, has caused social problems.

There is a Myanmar saying that goes by **"merits gained from water supply"**. Again, there is another saying **"Gold is not wanted but water is essential,"** so we need to value water like gold. In accord with one objective **"To develop the socioeconomic life of the people to ensure prosperity and food sufficiency of the country,"** the SAC is paying attention to water supply for the public and conservation of water resources. The State is seeking many ways to supply water such as connecting pipelines from spring water, sinking tube wells, implementing river-water pumping projects and building underground water dams. In the coastal regions with more rainfalls, freshwater is abundant only in monsoon and it is scarce in summer. To solve the problem, rainwater must be stored as much as possible while underground water must be tapped and used efficiently. Likewise, for agricultural purposes, irrigation water or underground water should be used as necessarily as possible. Water must be used efficiently but must not be wasted. Enough water supply must be ensured as a national task for beings.

Water is essential for humans as well as crucial for farming and transport. Water transport is effective and speedy, so it is necessary to conserve rivers and creeks.


Senior General Min Aung Hlaing presents a certificate of honour to a recipient.

Water scarcity stems from global warming caused by climate change, no lush and green forests, deforestation and environmental degradation. They are also related to each other and there is action and reaction. Excessive wood cutting led to bad climate, draught, scarce water. As climate is created by the nature, we need to focus on establishing trees and forests for environmental greening. Conservation of watershed areas and forests will reduce water scarcity and

*See Page 14*



Senior General Min Aung Hlaing hears a report on the displayed items.

*From Page 13*

contribute to climate and health.

To address climate change and water-related problems, our country has established the National Level Environmental Conservation and Climate Change Central Committee, the National Level Water Resource Committee, and the National Disaster Management Committee, and is working with relevant ministries and organizations, international organizations and NGOs.

As impacts of global climate change are increasingly being suffered, it is necessary for all to be prepared for reduction of their consequences. In adopting climate and water-related policies, emphasis is to be placed on water. Water resources are an effective weapon against climate change. Therefore, it is important to find ways and means for sustainable and cheap water supply and sanitation and utilize them.



Senior General Min Aung Hlaing inspects a machine.

Efforts must be made to promote awareness, knowledge, technologies, cooperation, discussions and partnership for sustainable water utilization among water users. The public has been requested to save water and electricity, to participate in planting trees for environmental conservation and not to litter with a view to conserving water resources and environment.



Senior General Min Aung Hlaing visits the World Water Day 2023 exhibition.

In taking measures for development of the water sector by related ministries and organizations under the leadership of the government in accordance with the theme of World Water Day (2023), accelerating change to solve the water & sanitation issue, it is important to cooperate with friendly countries and local and international non-governmental organizations, to take measures to supply sufficient water to all living things in all regions as a national duty and to cooperate in implementation of the sustainable development goals adopted by the United Nations as tasks related to water play a major role in development of world countries and to make concerted efforts to achieve desired goals in all sectors in accordance with the national development motto of the country, **"Keep moving forward to achieve our goal."**

Then, the Senior General presented prizes to the first, second and third prize winners in the article writing competition commemorating the World Water Day (2023).

Afterward, Vice Chairman of the national level committee Deputy Prime Minister Union Minister for Transportation and Communication Admiral Tin Aung San presented prizes to winners of consolation prizes in the competition.

Then, the Senior General and participants enjoyed the video clip commemorating the World Water Day (2023) and posed for documentary photographs.

Afterward, the Senior General and participants view the exhibits displayed in exhibition booths marking the event.

The ceremony was organized with the three objectives to raise the public awareness about activities related to the water sector carried out by water-related ministries and organizations and ways and means to solve water issues and to highlight the participation of Myanmar in the international water related activities to propagate knowledge to water-related individuals and to inspire their cooperation. 100

# French reforms: Macron refuses to give way as pension protests escalate

**Paris March 22**

French President Emmanuel Macron has given a defiant defence of his decision to force through a rise in the pension age, in the face of protests across France and two no-confidence votes.

"This reform isn't a luxury, it's not a pleasure, it's a necessity," he said.

Protesters have been emboldened by the government's use of constitutional power to ram through reforms without a vote in the National Assembly.

A ninth round of strikes and national protests will take place on Thursday.

There have been six nights of demonstrations involving hundreds of arrests in a number of cities.

Bins that have been left overflowing by refuse workers have been set alight and 13% of petrol stations are running short of fuel because of blockades at oil refineries; almost half the pumps in the Bouches-du-Rhône area of the south have run dry.

The protests have also cast a cloud over King Charles's imminent visit to France. Green MP Sandrine Rousseau called for the trip to be cancelled: "Is the priority really to receive Charles III at Versailles? Something is taking place within French society... the priority is to go and talk to society which is rising up."

Under pressure to lower tensions, Mr Macron made his first public remarks on the escalating pensions row in an interview broadcast on two of the main French TV channels at Wednesday lunchtime. BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များတွင် သင်္ကြန်အထူးရထား ပြေးဆွဲမည်



**ရန်ကုန် မတ် ၂၂**

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလတွင် မြန်မာ့မီးရထားမှ ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များတွင် သင်္ကြန်အထူးရထားများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလတွင် ခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန် သင်္ကြန်အထူးရထားများကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ပြေးဆွဲပေးရာ၌ ဧပြီ ၇ ရက်တွင် နေပြည်တော်-ရန်ကုန်သင်္ကြန်အထူးရထားများ၊ ဧပြီ ၈ ရက်တွင် ရန်ကုန်-ပြည်၊ ပြည်-ရန်ကုန် သင်္ကြန်အထူးရထားများနှင့် ဧပြီ ၁၇ ရက်တွင် ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-ပြည်၊ ပြည်-ရန်ကုန်သင်္ကြန်အထူးရထားများကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်-ရန်ကုန် သင်္ကြန်အထူးရထားသည် နေပြည်တော်မှ ညနေ ၆ နာရီ မိနစ် ၃၀ တွင်ထွက်ခွာကာ ရန်ကုန်မြို့သို့ နောက်တစ်နေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ရန်ကုန်-နေပြည်တော်သင်္ကြန်အထူးရထားသည် ရန်ကုန်မြို့မှ ညနေ ၅ နာရီ မိနစ် ၃၀ တွင် ထွက်ခွာကာ နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ပြည် သင်္ကြန်အထူးရထားသည် ရန်ကုန်မြို့မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာကာ ပြည်မြို့သို့ ည ၈ နာရီ ၅၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ပြည်-ရန်ကုန် သင်္ကြန်အထူးရထားသည် ပြည်မြို့မှ ည ၁၀ နာရီ မိနစ် ၃၀ တွင်ထွက်ခွာကာ ရန်ကုန်မြို့သို့ နောက်တစ်နေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် သင်္ကြန်အထူးရထားများကို အဆိုပါနေ့များအပြင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ လိုအပ်ပါက ဧပြီ ၉ ရက်နှင့် ဧပြီ ၁၈ ရက်တို့တွင်လည်း ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ လူစီးရထားအားလုံးပြေးဆွဲမှုကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း၊ သင်္ကြန်အထူးရထားများ၏ အထက်တန်းတွဲလက်မှတ်များကို သုံးရက်ကြို၊ ရိုးရိုးတန်းလက်မှတ်များကို နှစ်ရက်ကြိုတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် လျှောက်လွှာများဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း မြန်မာ့မီးရထား၏ သတင်းများအရ သိရသည်။

(၃၃၆)

# ကော့မှူးမြို့နယ် စပါးကြီးစမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကော့မှူး မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့မှူးမြို့နယ် စပါးကြီးစမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းနှင့် တာဝန်ရှိသူများက ကော့မှူးမြို့နယ် စပါးကြီးစမ်းကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကွမ်းခြံစိုက်ပျိုးခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို လိုက်လံရှင်းလင်းပြသရာ ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။



စပါးကြီးစမ်းကျေးရွာတွင် အရှည် ပေ ၅၈၀၊ အကျယ် ရှစ်ပေနှင့် အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းအတိုးရငွေကျပ်သိန်း ၁၄၀ ဖြင့် ကော့မှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဖေဖော်ဝါရီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေးရွာနေပြည်သူများ ရာသီမရွေးအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မော်ရှမ်းမြေ)**

# အုတ်ဖိုမြို့နယ် အုန်းနဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းနဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များထံသို့ ရန်ပုံငွေကျပ် ၄၆ ဒသမ ၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံတို့၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒသမအကြိမ်အဖြစ် အုန်းနဲ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၃၃ ဒသမ ၃၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ၁၃ ဒသမ ၀၅ သိန်း စုစုပေါင်းအသင်းသား၊အသင်းသူဦးရေ ၁၀၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်



အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၃-၂၀၂၃


| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၀၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. Igor Krasnov တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. Igor Krasnov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

တိုးတက်ကောင်းမွန်မှု အခြေအနေများ၊ ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံမှ ဥပဒေပညာရှင်များ ရုရှားနိုင်ငံတွင် ဥပဒေပညာရပ်များ သင်ကြားပေးမည့်အခြေအနေများနှင့် ရုရှားနိုင်ငံမှ ဥပဒေရေးရာကျွမ်းကျင်သူများက မြန်မာနိုင်ငံတွင် ဥပဒေနှင့်ပတ်သက်၍ လာရောက်သင်ကြားပေးမည့် အခြေအနေများ၊ စစ်ဘက်ဥပဒေများ သင်ကြားနိုင်ရေးအတွက် မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရုရှားဘာသာစကားသင်တန်းများ ဖွင့်လှစ်လျက်ရှိမှုနှင့် ရုရှားနိုင်ငံတွင် မြန်မာဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိမှုအခြေအနေများနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. Igor Krasnov နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolai LISTOPADOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း





(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မတ် ၂၂**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မြင့်ကျော်ထွန်းနှင့် စစ်ကြောင်းမှူးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကုမ္ပဏီ ၁၆၃ ခုနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုအလှူငွေ စုစုပေါင်းငွေကျပ် ၁၁၃၂၇၈၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကိုလေး၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မြင့်ကျော်ထွန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဂုဏ်ပြုအလှူငွေ ပေးအပ်လှူဒါန်းပွဲအပြီးတွင် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၇ မှအဆက်**

ဆောင်ရွက်ပေးကြရန်၊ ရေဆိုင်ရာလုပ်ငန်းများသည် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂကချမှတ်ထားသော ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်များ (Sustainable Development Goals)ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်း ပါဝင်ဆောင်ရွက်ပေးကြရန်၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် **"ရေ့သို့လှမ်းရှိ ပန်းတိုင်ဆီ"** ဆိုသည့်အတိုင်း ကဏ္ဍစုံတွင် မိမိတို့လိုချင်သည့် ပန်းတိုင်များသို့ရောက်အောင် တက်ညီလက်ညီဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ် ဗီဒီယိုကိုကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ကမ္ဘာ့ရေနေ့ ၂၀၂၃ အခမ်းအနားကို နိုင်ငံတော်၏ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ရေကဏ္ဍနှင့် သက်ဆိုင်သည့်ဆောင်ရွက်ချက်များ၊ ရေဆိုင်ရာ အခက်အခဲပြဿနာများ၊ ဖြေရှင်းရန်နည်းလမ်းများကို အများသိရှိသတိပြုစေရန်၊ ရေနှင့်ဆက်နွှယ်သက်ဆိုင်သူများကို အသိပညာပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် လှုံ့ဆော်ရန်၊ ရေနှင့်ဆက်နွှယ်သည့် နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံ၏ အလေးထားပါဝင်ဆောင်ရွက်မှုကို ပေါ်လွင်စေရန်စသည့် ဦးတည်ချက်သုံးရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# (၂၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်






ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၂၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ စိန့်ပီတာစဘတ်မြို့၌ (၂၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ဖိုရမ်နှင့်အတူ ပူးတွဲကျင်းပသည့် "Baltic Sea Day" သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ online ဖြင့် တက်ရောက်သည်။

ဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လူသားများအတွက် ပင်လယ်သမုဒ္ဒရာ၏ အရေးပါမှု၊ အဏ္ဏဝါရေပြင်အသုံးပြုသူများအတွက် ဟန်ချက်ညီသောအစီအမံများ ချမှတ်ရန်လိုအပ်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှုကာကွယ်တားဆီးရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများနှင့် မြန်မာနိုင်ငံအနေဖြင့် ရေနံယိုဖိတ်မှုကြောင့် အဏ္ဏဝါဂေဟစနစ်နှင့် လူ့အဖွဲ့အစည်းအပေါ် ဆိုးကျိုးသက်ရောက်မှုများမရှိစေရန် ကာကွယ်ရေးအစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပွားပေါ်ပေါက်ရသော ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ သမုဒ္ဒရာတွင်း အက်စစ်ဖြစ်ထွန်းခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ပင်လယ်ရေထုညစ်ညမ်းခြင်းစသော သဘာဝဘေးအန္တရာယ်များ၊ မျက်မှောက်ခေတ်နှင့် အနာဂတ်မျိုးဆက်များအတွက် နိုင်ငံတော်ကရေရှည်တည်တံ့သာယာဝပြောသော လူ့အဖွဲ့အစည်းအဖြစ် ဖော်ဆောင်ရန်ဟူသည့် မဟာဗျူဟာချမှတ်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ဖိုရမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရက နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး ယခု(၂၃)ကြိမ်မြောက်ကို မတ် ၂၂ နှင့် ၂၄ ရက်တို့တွင် ပင်လယ်ရေထုပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့မှ အကြီးအကဲများ၊ သဘာဝအရင်းအမြစ်များနှင့် ဂေဟစနစ်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ သိပ္ပံပညာရှင်များ၊ သုတေသနပညာရှင်များနှင့် တရုတ်၊ ဗီယက်နမ်၊ ဘီလာရုစ်နိုင်ငံတို့ အပါအဝင် စုစုပေါင်းလူဦးရေ ၁၀၀၀ ကျော် တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ သက်ဆိုင်ရာ ဌာနအကြီးအကဲများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပညာသင်ယူပိုင်ခွင့်နှင့်ပတ်သက်သည့် အရေးကြီးသောစဉ်းစားဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၂၃) ထုတ်ပြန်

လူတိုင်းတွင် ပညာသင်ယူပိုင်ခွင့် (the right to education)ရှိကြောင်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၂၆ တွင် အတိအလင်းပြဆိုထားပါသည်။ ထိုအခွင့်အရေးကို အကောင်အထည်ဖော်ရာတွင် တန်းတူရည်တူ ပညာသင်ယူခွင့်ကို အခြေခံလိုအပ်ချက်အဖြစ် အသိအမှတ်ပြုဖော်ပြကြပါသည်။ ဤအခွင့်အရေးကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ရာတွင် အခြေခံပညာအဆင့်များ၌ အခမဲ့ပညာသင်ယူခွင့်ရရှိရေးသည် အလွန်အရေးပါသော အချက်များဖြစ်ပြီး မသင်မနေရ မူလတန်းပညာရေးသဘောတရားကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။ နိုင်ငံတော်အစိုးရ၏ KG+9 မူဝါဒကို အကောင်အထည်ဖော်ဆောင်မှုသည်လည်း ဤသတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိပါသည်။

အဓိပ္ပာယ်ပြည့်ဝသော ပညာသင်ယူပိုင်ခွင့်ရရှိရေးတွင် ပညာသင်ယူရန် လွယ်ကူအဆင်ပြေမှုနှင့် တန်းတူရည်တူရှိမှုတို့သည် မရှိမဖြစ်လိုအပ်သော အခြေအနေများဖြစ်ကြပါသည်။ မည်သည့်နေရာတွင် သင်ကြားခွင့်ရှိသည်ဖြစ်စေ၊ သင်ရိုးညွှန်းတမ်းတွင် မည်သည့်သင်ခန်းစာများ ပါဝင်သည်ဖြစ်စေ၊ သင်ကြားပို့ချသူ ဆရာ၊ ဆရာမများသည် မည်သူများပင်ဖြစ်စေ ပညာရေး၏ အန္တိမရည်မှန်းချက်သည် ကျောင်းသား၊ ကျောင်းသူများ၏ အကျိုး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံအတွက် အကျိုးပြုနိုင်မည့် လူသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ အပြည့်အဝဖွံ့ဖြိုးတိုးတက်စေရန်ပင်ဖြစ်သည်။ ပညာတတ်ပုဂ္ဂိုလ်များသည် အမှန်စင်စစ် နိုင်ငံအတွက်အရေးကြီးသော အဖိုးတန်ရတနာများဖြစ်သည်ကို ထင်ထင်ရှားရှား သိမြင်ကြမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ ရှုမြင်မည်ဆိုပါက ပညာသင်ယူပိုင်ခွင့်ကိုလွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးခြင်းသည် နောင်အနာဂတ်အတွက် အမြော်အမြင်ရှိသည့် လမ်းစဉ်တစ်ရပ်ဖြစ်ပါသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၂၆ ကို အပြည့်အဝအကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများကို အားလုံးကကြိုဆိုကြလိမ့်မည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ် မတ်လ ၂၂ ရက်

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် UWSP၊ NDAA၊ SSPP ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အစီအစဉ်၊ အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်ညှိနှိုင်းရရှိသည့် ဆွေးနွေးပွဲအစီအစဉ်များအတိုင်း တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဗဟိုကော်မတီဝင် စဝ်ဆေပိုင်ဖနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့ကိုယ်စား "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုက နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားသည်။

ထို့နောက် အဖွဲ့အသီးသီး၏ လိုလားချက်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စ၊ ရွေးကောက်ပွဲကျင်းပရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးကိစ္စနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ အခြေခံကျသော ပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စတို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် နှစ်ဖက်ဆွေးနွေးချက်များအရ သဘောတူညီချက်များရယူနိုင်ရန် မူကြမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲပထမနေ့ကိုရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို မတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး သဘောတူညီချက်များ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၂၂**

ကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကိုကိုးကျွန်းမြို့နယ်ရှိ နယ်မြေခံရေတပ်အခြေစိုက်စခန်းခန်းမ၌ အခြေပြု၍ ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၄၉၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၇ ဦး၊ ခွဲစိတ်ရောဂါ ၄၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၁၈ ဦး၊ အရိုးရောဂါ ၇၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၆ ဦး၊ မျက်စိရောဂါ ဦးရေ ၁၁၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၄၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၅၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ကိုးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ငါးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် နယ်မြေခံတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ် -

"အားနည်းချက်က ဘာဖြစ်နေလဲဆိုတော့ ကျန်းမာရေးပေါ့။ ကျန်းမာရေးကလဲ ဒီဒေသမှာတော့ ကျန်းမာရေးစကားနဲ့ပြောရင် တိုက်နယ်ဆေးရုံလို့ပြောလို့ရတဲ့ ဆေးရုံလေးရှိတယ်။ အခု သံလွင်သင်္ဘောက သမားတော်တွေပါတယ်။ အခုတစ်ခေါက်ဆိုရင် ပိုပြီးအားရကျေနပ်စရာကောင်းတာက ကျန်းမာရေးဌာနနဲ့ပါ ပေါင်းစပ်ပြီးပါလာတဲ့အတွက် ပိုပြီးပီတိဖြစ်ရတယ်။ ဒီမတိုင်ခင် ရခိုင်ပြည်နယ်မှာ သံလွင်သင်္ဘောကြီးတွေ့တယ်။ ကျွန်တော်တို့စိတ်ထဲကတောင့်တလိုက်တယ်။ အဲဒီသင်္ဘောကြီး တို့ဆီလာရင်ကောင်းမှာပဲလို့ ကျွန်တော်ဆန္ဒပြုလိုက်တယ်။ ကျွန်တော်ကိုယ်တိုင်ကလဲ မျက်စိနှစ်လုံးလုံးခွဲထားရတယ်။ မျက်စိခွဲတဲ့အခါ သင်္ဘောကြီးအပေါ်မှာ ခွဲစိတ်ကုသပေးတယ်။ စားရေးသောက်ရေးကအစ ပြည့်ပြည့်စုံစုံ ကျွေးခဲ့တယ်။ အင်မတန်လဲဝမ်းသာတယ်။ ကျေးဇူးလည်းတင်တယ်။ အချုပ်အနေနဲ့ပြောချင်တာက ဒီကိစ္စအဝဝကို စီမံဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ အခြားအာဏာပိုင်ပုဂ္ဂိုလ်များအားလုံး၊ ကျန်းမာရေးလာရောက်စောင့်ရှောက်ပေးတဲ့ သံလွင်ဆေးရုံသင်္ဘောကြီးမှာပါတဲ့ အရာရှိ၊အရာခံ၊ တပ်မတော်သားဝန်ထမ်းအားလုံး၊ အရပ်ဘက်က ကျန်းမာရေးဝန်ထမ်းအားလုံးကို အထူးပဲကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်"ဟု ဒေသခံတစ်ဦးကပြောပြသည်။

"အခုလို သံလွင်သင်္ဘောကြီး တစ်နှစ်တစ်ခါလာရောက်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးလို့ အထူးကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ကိုကိုးကျွန်းမှာ ဆရာဝန်၊ ဆရာမလဲနည်းတယ်။ ဆရာဝန်ဆိုလည်း တစ်ယောက်ပဲရှိတယ်။ ဆရာမဆိုလဲနည်းတယ်။ အခုလို သံလွင်သင်္ဘောကြီးပေါ်မှာ ပါရဂူတွေ၊ ဆရာဝန်တွေအစုံပါလာတဲ့အတွက် ရောဂါပေါင်းစုံလဲကုလို့ရတယ်။ ဖြစ်တဲ့ရောဂါတွေအကုန်လုံး ကုလို့ရတဲ့အတွက် အရမ်းလဲကျေးဇူးတင်တယ်။ ကျွန်မတို့ ကိုကိုးကျွန်းကြီးဟာ သွားလာရလဲခက်ခဲတယ်။ အခုဖြစ်လို့ အခုသွားလို့လဲမရဘူး။ အဲဒီအတွက် အခုလိုလာရောက်ကုသပေးတဲ့အတွက် အရမ်းကိုကျေးဇူးတင်ပါတယ်။ တချို့ကျတော့လဲ ရန်ကုန်ကိုသွားကုသဖို့ ပိုက်ဆံမရှိကြဘူး။ အဲဒီလူတွေအတွက် အရမ်းအဆင်ပြေတယ်။ အခမဲ့ကုသ ပေးတဲ့အတွက် ပိုက်ဆံမရှိတဲ့သူတွေအတွက်လဲ အရမ်းအဆင်ပြေတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ မသွားလာနိုင်သူတွေအတွက်လဲ အရမ်းအဆင်ပြေတယ်။ မျက်စိဆိုရင်လဲ ခွဲစိတ်ကုသပေးလို့ ပျောက်တာတွေလဲ အများကြီးရှိလို့ အဲဒီအတွက်ကျေးဇူးတင်ပါတယ်။ ကျွန်မကတော့ အမြဲတမ်းလာစေချင်တယ်။ တစ်နှစ်တစ်ခေါက်မဟုတ်ဘူး၊ ဖြစ်နိုင်ရင် တစ်နှစ်နှစ်ခေါက်လောက်လာစေချင်ပါတယ်။ ကျွန်မဆိုရင် နှလုံးရောဂါရှိတယ်။ အခုလိုစီစဉ်ဆောင်ရွက်ပေးတဲ့ ဗိုလ်ချုပ်မှူးကြီးကိုလဲ အရမ်းကျေးဇူးတင်ပါတယ်။ ဆေးလာရောက်ကုသပေးတဲ့ သံလွင်သင်္ဘောကြီးပေါ်မှာပါလာတဲ့ ပါရဂူတွေ၊ ဆရာဝန်တွေ၊ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦးကပြောပြသည်။







# မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား ချဉ်းကပ်တံတား၊ ချဉ်းကပ်လမ်းနှင့် ဆင်ခြေလျှောတံတားများတည်ဆောက်မှု ၂၀၂၃ နှစ်ကုန်ပိုင်းတွင်ပြီးစီးရန် နေ့ညမပြတ် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံတွင် အထင်ကရပြယုဂ်တစ်ခုဖြစ်စေမည့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားကြီးကို ၂၀၁၉ ခုနှစ် မေလတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ မြစ်ကူးတံတားနှစ်ဖက်မှ ချဉ်းကပ်လမ်းပိုင်းနှင့် ဆင်ခြေလျှောလုပ်ငန်းများ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင်ပြီးစီးရန် နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ တံတားကြီး၏ပုံသဏ္ဌာန်မှာ ရုပ်လုံးပေါ်လာပြီဖြစ်ပြီး ရန်ကုန်ဘက်ခြမ်းတွင် ဘုန်းကြီးလမ်းသို့ နှစ်လမ်းသွားတံတားတစ်စင်း၊ ဆူးလေဘုရားဘက်သို့ တစ်လမ်းမောင်းတံတားတစ်စင်း၊ အလုံမြို့နယ်ဘက်သို့ တစ်လမ်းမောင်းတံတားတစ်စင်းဖြင့် စုစုပေါင်း တံတားသုံးစင်း သွယ်ဆင်းသည့်ပမာ တည်ဆောက်လျက်ရှိသည်။



မြန်မာနိုင်ငံရှိ သံမဏိကြိုးဆိုင်းတံတားများတွင် ရန်ကုန်-ဒလ မြစ်ကူးတံတားသည် အကြီးဆုံးနှင့် အရှည်ဆုံးဖြစ်ပြီး တံတားအရှည်မှာ ၁၈၆၈ မီတာ၊ အကျယ် ၂၆ ဒသမ ၅ မီတာရှိသည်။ သံကူကွန်ကရစ် ကိုယ်ထည်အပေါ်တွင် သံမဏိကြိုးဆိုင်းဖြင့် ဘိုးပိုင်အုတ်မြစ်တံတားတစ်ခုဖြစ်ပြီး တံတား၏ တစ်ဖက်တစ်ချက်တွင် လေးမီတာကျယ်ဝန်းသော လူသွားလမ်းပါရှိ၍ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။ တံတား၏ ဒလဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၅၇၇ မီတာရှိပြီး ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၆၀၁ မီတာ၊ ရေလယ်ပင်မတံတားအရှည်သည် မီတာ ၆၉၀ ဖြင့် စုစုပေါင်းတံတားအရှည် ၁၈၆၈ မီတာဖြင့် တည်ဆောက်ထားကာ ဆင်ခြေလျှောတံတားများအကျယ်သည် ၂၃ ပေဖြစ်သည်။ ပင်မတံတားကြီး၏ အောက်ဘက်တွင် တန်ချိန်တစ်သောင်းခွဲ (DWT)ရှိ နိုင်ငံတကာကုန်တင်သင်္ဘောများ ဖြတ်သန်းသွားလာနိုင်ရန် ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ (ပေ ၁၆၀)၌ ရေလမ်းကင်းလွတ်အကျယ် ၃၀၁ မီတာ (၉၉၈ ပေ)ဖြင့် တည်ဆောက်ထားသည်။

တံတားကြီးကို တည်ဆောက်ရာတွင် ပင်မတံတားသည် အရေးအကြီးဆုံးဖြစ်ပြီး PY 1 နှင့် PY 2 ရေလယ်ပိုင်း ခန်းဖွင့် တာဝါတိုင်ကြီးနှစ်ခုဖြင့် ကေဘယ်လ်ကြိုးဆိုင်းတံတားကို နိုင်ငံတကာအဆင့်မီ နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော CCEC တရုတ်နိုင်ငံက တည်ဆောက်လျက်ရှိပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကိုရီးယားနည်းပညာကိုအသုံးပြု၍ တည်ဆောက်လျက်ရှိကာ ရေလယ်ပိုင်း အဓိကအစိတ်အပိုင်းဖြစ်သော တာဝါတိုင်နှစ်ခု၏အကွာအဝေးသည် မီတာ ၃၇၀ အကျယ်ရှိသည်။

၂၀၁၃ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံခရီးစဉ်တွင် မြန်မာနိုင်ငံ၌ တံတားတစ်စင်းတည်ဆောက်ရန် နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီမှုဖြင့် ထိုနှစ်တွင် ဖြစ်နိုင်စွမ်းလေ့လာမှုကို ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့် ကနဦးဆောင်ရွက်မှုမှ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၏ သက်သာသော အတိုးနှုန်း ချေးငွေစာချုပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လက်မှတ်ရေးထိုး၍ တံတားတည်ဆောက်မှုကို စတင်ခဲ့သည်။ တံတားစီမံကိန်းကို ကိုရီးယားနိုင်ငံ GS Engineering Group က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃၃ သန်း ကုန်ကျမည်ဖြစ်သည်။

မြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသွားပါက စိုက်ပျိုးရေးနှင့် ရေထွက်ကုန်အဓိကထွက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးနှင့် နိုင်ငံတကာသို့ အဓိကပို့ကုန်များ တင်ပို့ရာ ရန်ကုန်တိုင်းဒေသကြီးတို့ စီးပွားရေးအခွင့်အလမ်းများစွာ ပေါ်ထွန်းလာမည်ဖြစ်ပြီး တိုင်းဒေသကြီးနှစ်ခု၏ စီးပွားရေးအချက်အချာကျရာ တံတားကြီးတစ်စင်းအဖြစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် အထောက်အပံ့ကောင်းများစွာ ရရှိလာမည့်အပြင် ဧရာဝတီတိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ ရွှေလမ်း၊ ငွေလမ်း တံတားကြီးတစ်စင်းအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးမြစ်ကူးတံတားကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့်အရှည်ဆုံး တံတားကြီးတစ်စင်းအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၂၂**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ**၊ **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ(Inn National League Party)**၊ **ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ(KKDUP)** နှင့် **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ** [National Democratic Force Party (NDF)] တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့ လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ခုနစ်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၃၁ ပါတီဖြစ်၍ စုစုပေါင်း ၃၈ ပါတီဖြစ်သည်။ ယင်း ၃၈ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၂၉ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၅၃၈ တွဲရောင်းချနိုင်ခဲ့



**နေပြည်တော် မတ် ၂၂**

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ ၂၁၅၀ အနက် ကျောက်စိမ်းအတွဲအမှတ် (၇၅၁) မှ (၁၅၀၀)ထိ ကျောက်စိမ်းအတွဲ ၇၅၀ ထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၅၃၈ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲ ၂၁၅၀ အနက် ကျောက်စိမ်းအတွဲအမှတ် (၁၅၀၁)မှ (၂၁၅၀)ထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်းအတွဲအမှတ် (၁၅၀၁)မှ (၂၁၅၀)ထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကိုဖွင့်ဖောက်စစ်ဆေးကာ မတ် ၂၃ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၂၉၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်ထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲ ၂၉၀ ကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၂၀ ကို မတ်၂၀ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ၇၇ တွဲကိုလည်းကောင်း၊ ကျောက်စိမ်းအတွဲ၂၁၅၀ အနက် ကျောက်စိမ်းအတွဲ (၁)မှ (၇၅၀) ထိ အတွဲ ၇၅၀ ကို မတ်၂၁ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၅၇၆ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ ပြပွဲများကျင်းပကာ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များ အဆင်ပြေစေခြင်း စသည့်အခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ယခုကျင်းပပြုလုပ်သည့် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်ထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မတ် ၂၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါတတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိ

**နေပြည်တော် မတ် ၂၂**

မတ် ၂၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၉၃၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၁၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၈၈ ဦး |

## အစိုးရဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ကို ယနေ့၌ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့တွင် စာဖြေ စာရင်းသွင်း ၁၅၈၆၄ ပါး၊ ဦး အနက် ၁၃၀၈၀ ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၄၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် တော်ဝင်အိမ်ရာ အခန်း(၂၅) တိုက်(၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အလုပ်သမားပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် မတ် ၁၇ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်သူ့အလုပ်သမားပါတီ၏ အလံပုံစံ




ပြည်သူ့အလုပ်သမားပါတီ၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက် မဟာဗောဂလမ်း အမှတ်(၂၃၆/၂၃၈)တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ပါတီ(MNSP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၁ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

လူ့ဘောင်သစ်ပါတီ (NSP)၏ အလံပုံစံ




လူ့ဘောင်သစ်ပါတီ (NSP)၏ တံဆိပ်ပုံစံ



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မုံရွာမြို့ အေးသာယာရပ်ကွက် ချင်းတွင်းမြစ်ကမ်းအနီး၌ Anonymous အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်၊ ခဲယမ်း၊ မိုင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ






၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် မုံရွာမြို့ အေးသာယာရပ်ကွက် ချင်းတွင်းမြစ်ကမ်းအနီး၌ တရားခံများနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ ဒလန်ဟု စွပ်စွဲကာ ဖမ်းဆီး၍ အကျပ်ကိုင်ခြင်း၊ ငွေကြေးတောင်းခံမှုများအပြင် ပြည်သူများအထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဥပဒေမဲ့ ကျူးလွန်လျက်ရှိသည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးခြင်းများ နေ့ညမပြတ်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အေးသာယာရပ်ကွက် ချင်းတွင်းမြစ်ကမ်းအနီး ယာတဲ၌ Anonymous အမည်ခံအကြမ်းဖက်အဖွဲ့ ခေါင်းဆောင် **ရဲရင့်ကျော် (ခ) စွန့်ရဲ** ၃၃ နှစ်အပါအဝင် အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ကျော်ဆန်းဦး** ၂၀ နှစ်၊ **ကိုကိုအောင် (ခ) တစ်ထောင်** ၁၉ နှစ်၊ **ဝေယံထက် (ခ) စီးကွက်** ၁၈ နှစ်၊ **ရိုးရိုး (ခ) မောင်ရိုး** ၃၇ နှစ် ၊ **နေလင်းအောင် (ခ) ဥဩ** ၁၇ နှစ်၊ **ကောင်းခန့်ဇော် (ခ) ကောင်းစိန်** ၁၈ နှစ်၊ **ကျော်ရဲသူ (ခ) ကျားလေး** ၁၇ နှစ်၊ **အောင်ဇော်ထက် (ခ) ကိုကောင်း** ၂၃ နှစ်၊ **ရာပြည့်** ၁၈ နှစ်နှင့် အကြမ်းဖက်သမားများကို ကူညီထောက်ပံ့ပေးနေသည့် **ကြည်မင်း** ၄၈ နှစ်၊ **ခင်နှင်းရီ** ၄၅ နှစ်၊ **ကိုမြင့်** ၅၅ နှစ်နှင့် **ရိုးရိုး** ၄၅ နှစ် ၊ စုစုပေါင်းတရားခံ ၁၄ ဦးကို လက်လုပ်သေနတ်မျိုးစုံ ခုနစ်လက်၊ လက်လုပ်စိန်ပြောင်း ငါးလက်၊ လက်လုပ်မိုင်း ၁၉ လုံး၊ ကျည်မျိုးစုံ ၁၇၆ တောင့်၊ အခြားဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ Anonymous အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို ဖမ်းဆီးရမိစဉ် ဓားစာခံအဖြစ် ဖမ်းဆီးချုပ်နှောင်ထားသည့် အပြစ်မဲ့ပြည်သူအမျိုးသားနှစ်ဦး၊အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦး စုစုပေါင်း အပြစ်မဲ့ပြည်သူလေးဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီကယ်တင်နိုင်ခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ဓားစာခံအဖြစ်ဖမ်းဆီးခံရသည့် အမျိုးသားတစ်ဦးသည် မုံရွာမြို့ပေါ်၌ Anonymous အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ထောင်ထားသည့် မိုင်းများကို တွေ့ရှိသဖြင့် ဖြုတ်ယူခဲ့သောကြောင့် ကလေးငယ်တစ်ဦးအပါအဝင် မိသားစုတစ်စုလုံးကို ဖမ်းဆီးထားခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကျန်အမျိုးသား တစ်ဦးမှာ ငွေကြေးတောင်းခံနိုင်ရန်အတွက် ပြန်ပေးဆွဲထားခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ **ရဲရင့်ကျော် (ခ) စွန့်ရဲ၊ ကိုကိုအောင် (ခ) တစ်ထောင်၊ ဝေယံထက် (ခ) စီးကွက်၊ နေလင်းအောင် (ခ) ဥဩ၊ ကောင်းခန့်ဇော် (ခ) ကောင်းစိန်**နှင့် **ရာပြည့်**တို့သည် ၂၀၂၂ ခုနှစ် ဧပြီလ ဒုတိယပတ်ခန့်တွင် မုံရွာမြို့နယ်အတွင်းရှိ ဇောဓိတစ်ထောင်ဘုရား၏ အရှေ့ဘက်တောင်ကြောပေါ်၌ မုံရွာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်း သုံးလ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဆင်းပြီးနောက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်ခန့်တွင် **ရဲရင့်ကျော် (ခ) စွန့်ရဲ** ခေါင်းဆောင်၍ မုံရွာမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများကို ဓားပြတိုက်၊ ပြန်ပေးဆွဲ၍ ငွေကြေးရယူရန် ရည်ရွယ်ချက်ဖြင့် Anonymous အမည်ခံအကြမ်းဖက်အဖွဲ့ကို **ကျော်ဆန်းဦး၊ ကိုကိုအောင် (ခ)တစ်ထောင်၊ ဝေယံထက်(ခ)စီးကွက်၊ ရိုးရိုး(ခ)မောင်ရိုး၊ နေလင်းအောင်(ခ) ဥဩ၊ ကောင်းခန့်ဇော် (ခ) ကောင်းစိန်၊ ကျော်ရဲသူ(ခ)ကျားလေး၊ အောင်ဇော်ထက်(ခ)ကိုကောင်း၊ ရာပြည့်**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ကျော်ရဲအောင် (ခ) တွမ်တီဝမ်း၊ မင်းမော်ကွန်း(ခ) မိချောင်း၊ ဇော်ချမ်းပြည့်**တို့ ပါဝင်သော အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

Anonymous အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် CRPH၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့များထံမှ ငွေကြေးထောက်ပံ့မှုများရယူ၍ လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ ဝယ်ယူစုဆောင်းကာ နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှုလေးကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၃ ခုနှစ်ဇန်နဝါရီလ ပထမပတ်ခန့်တွင် **ရဲရင့်ကျော် (ခ) စွန့်ရဲ၊ ကောင်းခန့်ဇော် (ခ) ကောင်းစိန်**နှင့် **နေလင်းအောင် (ခ) ဥဩ**တို့သည်

**စာမျက်နှာ ၂၄ သို့**




၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် မုံရွာမြို့ အလယ်ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ကျောက်ဂူလမ်းထောင့်ရှိ ယာဉ်ထိန်းရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၃ ခုနှစ် မတ် ၁၂ ရက်တွင် မုံရွာမြို့ ရွှေဂုံးရပ်ကွက် အင်းစပ်လမ်းတွင် အကြမ်းဖက်သူများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲတိုက်ခိုက်မှုဒဏ်ကြောင့် အမြန်လူစီးရထား ထိခိုက်ပျက်စီး၍ ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

မတ် ၂၂ ရက်က အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်စွာမိုင်းခွဲ တိုက်ခိုက်မှုကြောင့် စီမံကိန်းဆောင်ရွက်နေသည့်ရထားလမ်းထိခိုက်ပျက်စီးမှုအခြေအနေ။



မိုင်းပေါက်ကွဲ၍ ကွန်ကရစ်ဇလီဖားတုံးသစ်များ ထိခိုက်ပျက်စီးမှု



စက်ခေါင်းလေကာမှန်များကွဲကျနေပုံ



လူစီးတွဲ တက်/ဆင်းပေါက်တံခါး ပြုတ်ကျ ပျက်စီးမှု အခြေအနေ



ထိခိုက်ဒဏ်ရာရရှိသူကို ထောက်ပံ့ငွေပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူလူထု ကုန်ကျစရိတ်သက်သာစွာဖြင့် ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေစေရေးအတွက် ရည်ရွယ်၍ အမြန်လူစီးရထားခရီးစဉ် ၁၈ ခု၊ စာပို့ရထားခရီးစဉ် ၁၂ ခု၊ လူစီးကုန်တင်ရထားခရီးစဉ် ရှစ်ခုတို့နှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ် အခု ၃၀ စုစုပေါင်း ရထားခရီးစဉ် ၆၈ ခုတို့နှင့် ကုန်ရထားခရီးစဉ်များကို နေ့စဉ် စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၌ အမြန်ရထားလေးစီး၊ စာပို့ရထား နှစ်စီးနှင့် လူစီးကုန်တင်ရထား နှစ်စီးတို့ကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ လက်ရှိအခြေအနေအရ အခြေခံပညာကျောင်းများ အတန်းတင်စာမေးပွဲပြီးစီးပြီဖြစ်၍ ပြည်သူများသည် မိသားစုအလိုက် ခရီးဝေးသွားလာခြင်း၊ဘုရားဖူးခရီးစဉ်များသွားလာခြင်းတို့ဖြင့် ရထားများအားလုံးတွင် ခရီးသည်များ တွဲဆိုင်းအပြည့် လိုက်ပါစီးနင်းလျက်ရှိသည်။

အဆိုပါ ရထားခရီးစဉ်များအနက် ရန်ကုန်မှ မတ် ၂၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မန္တလေးသို့ ပုံမှန်ထွက်ခွာလာသော အမှတ်(၃)အဆန် လူစီးအမြန်ရထားသည် ယနေ့နံနက် ၁ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဇေယျဝတီဘူတာနှင့် ညောင်ခြေထောက်ဘူတာအကြား မိုင်တိုင်အမှတ်(၁၄၂/၉-၁၀)အား ဖြတ်သန်းခုတ်မောင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာပက်စက်စွာဖြင့် ရထားလမ်းဘေးမှ အင်အားပြင်း လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲခဲ့သဖြင့် ရထားစက်ခေါင်း၏လေကာမှန်များ ကွဲအက်ပျက်စီးခြင်း၊ စက်ခေါင်းနောက်ကပ်လျက်ရှိရှိတန်းလူစီးတွဲ၏ တက်ပေါက်၊ ဆင်းပေါက်တံခါးမကြီးတစ်ခု ပြုတ်ထွက်ခြင်း၊ ပြတင်းပေါက်နှစ်ပေါက် ပျက်စီးခြင်းအပြင် စီမံကိန်းဆောင်ရွက်နေသည့် အစုန်လမ်းပေါ်မှ ကွန်ကရစ်ဇလီဖားတုံးအသစ် သုံးတုံးတို့ပျက်စီးခဲ့ခြင်းစသည့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် အဆိုပါလူစီးတွဲ၌ လိုက်ပါလာသည့် ခရီးသည်အမျိုးသားနှစ်ဦးတို့၏ ဦးခေါင်းနှင့်လက်တို့တွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ရာ ၎င်းတို့ကို ကျွဲပွဲဆေးရုံသို့ ချက်ချင်းပို့ဆောင်၍ ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်း သိရသည်။

အဆိုပါမိုင်းဖြစ်စဉ်ကြောင့် အမှတ်(၃) အဆန် လူစီးအမြန်ရထားသည် ၂ နာရီခန့်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားသည် ၅ နာရီခွဲခန့်နှင့် အမှတ်(၄)အစုန် လူစီးအမြန်ရထားသည် ၃ နာရီခွဲခန့် နီးစပ်ရာဘူတာများတွင် စောင့်ဆိုင်းကြန့်ကြာခဲ့ရသဖြင့် ရထားစီးခရီးသည် စုစုပေါင်းဦးရေ ၃၀၀၀ ခန့်တို့သည် လမ်းခရီး၌ အခက်အခဲများစွာကြုံတွေ့ခဲ့ရကြောင်း သိရသည်။

မိုင်းဖောက်ခွဲမှုဖြစ်စဉ်နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းမှုဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ရထားလမ်းအဆင့်မြှင့်တင်မှုစီမံကိန်းဆောင်ရွက်နေသည့် အစုန်လမ်းပေါ်တွင် အင်အားပြင်းထန်သော လက်လုပ်မိုင်းကို တပ်ဆင်ထားပြီး အဆန်လမ်းပေါ်မှခုတ်မောင်းလာသည့် လူစီးအမြန်ရထားအား အချိန်ကိုက် အကြမ်းဖက်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖြစ်စဉ်နေရာအနီးရှိလယ်ကွင်းထဲတွင် မဖောက်ခွဲရသေးသည့် လက်လုပ်မိုင်းတစ်လုံး တပ်ဆင်ထားသည်ကိုလည်း ထပ်မံဖော်ထုတ်တွေ့ရှိရသဖြင့် ရထားနှင့်ခရီးသည်များကိုသာမက ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းကိုပါ ထိခိုက်ပျက်စီးရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုကို စက်ဆုပ်ရွံရှာဖွယ်သိရှိရသည်။

သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း တုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၀၉ ကြိမ်၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၃၇ ကြိမ်၊ ဘူတာများကို မီးရှို့ဖျက်ဆီးခြင်း ၁၁ ကြိမ်တို့ကို ကျူးလွန်ခဲ့ကြပြီးဖြစ်ကြောင်းနှင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများကို ပြည်သူတစ်ရပ်လုံးမှ ရွံရှာမုန်းတီးလျက်ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချမှုများဖြင့် တုံ့ပြန်လျက်ရှိကြောင်း သတင်းရရှိသည်။

---

**စာမျက်နှာ ၂၃ မှအဆက်**

မုံရွာမြို့ ထန်းတောကျွန်းဆွယ်ရပ်ကွက်အင်းဖြတ်လမ်းတွင် လက်လုပ်မိုင်းတစ်လုံးဖောက်ခွဲခဲ့ကြောင်း။

- ➢ ဇန်နဝါရီလ ဒုတိယပတ်ခန့်တွင် **ရဲရင့်ကျော် (စ) စွန်ရဲ၊ကျော်ရဲသူ (စ)ကျားလေး၊ ဝေယံထက် (စ) ဓီးကွက်၊ ကောင်းစန့်ဇော် (စ) ကောင်းမိန်**နှင့်**နေလင်းအောင် (စ) ဥသြ**တို့သည် မုံရွာမြို့ စက်မှုဇုန်လမ်းဆုံတွင် လက်လုပ်မိုင်းသုံးလုံး ဖောက်ခွဲခဲ့ကြောင်း။
- ➢ ဖေဖော်ဝါရီ ၁ ရက်တွင် **ရဲရင့်ကျော် (စ) စွန်ရဲ၊ ကျော်ရဲသူ(စ) ကျားလေး၊ဝေယံထက်(စ)ဓီးကွက်** နှင့် **နေလင်းအောင်(စ)ဥသြ**တို့သည် မုံရွာမြို့ အလယ်ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းထောင့်ရှိ ယာဉ်ထိန်းရုံးကို လက်လုပ်မိုင်းနှစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ➢ မတ် ၁၂ ရက်တွင် **ရဲရင့်ကျော် (စ)စွန်ရဲ၊ ကျော်ရဲသူ (စ) ကျားလေး၊ ဝေယံထက်(စ)ဓီးကွက်**နှင့် **ကောင်းစန့်ဇော် (စ) ကောင်းမိန်**တို့သည် မုံရွာမြို့ ရွှေဂုံးရပ်ကွက် အင်းစပ်လမ်းတွင် လက်လုပ်မိုင်းနှစ်လုံးဖောက်ခွဲခဲ့ပြီး **ကိုကိုအောင် (စ)တစ်ထောင်နှင့် ရာပြည့်**တို့နှစ်ဦးက အခြေအနေစောင့်ကြည့် ပေးခဲ့ကြောင်း။

ထို့ပြင် Anonymous အမည်ခံအကြမ်းဖက်အဖွဲ့အနေဖြင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု သုံးကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ➢ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် **ရဲရင့်ကျော် (စ) စွန်ရဲ** ခေါင်းဆောင်၍ **ကောင်းစန့်ဇော် (စ) ကောင်းမိန်၊ နေလင်းအောင်(စ)ဥသြ**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကျော်ရဲအောင် (စ)တွမ်တီဝမ်း**တို့သည် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ ဦးဂျစ်တူးကို ဒလန်ဟု စွပ်စွဲ၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဝေယံထက် (စ) ဓီးကွက်**နှင့်**ရာပြည့်**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ➢ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် **ရဲရင့်ကျော် (စ) စွန်ရဲ** ခေါင်းဆောင်၍ **ကောင်းစန့်ဇော် (စ) ကောင်းမိန်၊ နေလင်းအောင် (စ) ဥသြ**နှင့် **အောင်ဇော်ထက် (စ) ကိုကောင်း**တို့သည် မုံရွာမြို့နယ် ကတိုးကုန်းကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးကျော်မိုးကို ဒလန်ဟုစွပ်စွဲကာ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း။



၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နေ ဦးဂျစ်တူးကို Anonymous အကြမ်းဖက်အဖွဲ့များက သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် မုံရွာမြို့နယ် ကတိုးကုန်းကျေးရွာနေ ဦးကျော်မိုးအား Anonymous အကြမ်းဖက်အဖွဲ့များက ရက်စက်စွာခေါင်းဖြတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

- ➢ ဖေဖော်ဝါရီလ ပထမပတ်တွင် **ကောင်းစန့်ဇော် (စ) ကောင်းမိန်၊ နေလင်းအောင်(စ)ဥသြ**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကျော်ရဲအောင် (စ) တွမ်တီဝမ်း** တို့သည် ရေဦးမြို့နေအပြစ်မဲ့ပြည်သူ နတ်တူးကိုဒလန်ဟုစွပ်စွဲကာ ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း။

ထို့ပြင် Anonymous အမည်ခံအကြမ်းဖက်အဖွဲ့သည် မုံရွာမြို့ပေါ်ရှိ ပြည်ထောင်စုလမ်းနှင့် ဘိုးဘွားရိပ်သာ အဝိုင်းအနီး လမ်းဘေးဝဲယာတွင် လက်လုပ်မိုင်းခုနစ်လုံး၊ ဗိုလ်ချုပ်လမ်းပေါ်ရှိ"စိမ်းရောင်စုံ" ဘီယာဆိုင်အနီးတွင် လက်လုပ်မိုင်းနှစ်လုံး ထောင်ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ အချိန်မီဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပြီး ကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ကြည်မင်း၊ ခင်နှင်းနိုး၊ ကိုမြင့်**နှင့် **နိုးနိုး** တို့သည် Anonymous အမည်ခံ အကြမ်းဖက်အဖွဲ့များ မုံရွာမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သည့်ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းများကို မုံရွာမြို့ပေါ်ရှိ ဈေးဆိုင်များမှ သွားရောက်ဝယ်ယူပေးခြင်း၊ အကြမ်းဖက်သမားများအတွက် ရိက္ခာများ စုဆောင်းပေးခြင်း၊၎င်းတို့နှင့် ပုဂ္ဂိုလ်ရေးအရ မကျေနပ်သူများကို ဖမ်းဆီးရန် ဒလန်ဟုပြော၍ သတင်းပေးခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသောဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မော်တော်ကားများမှ ကာဗွန်ထုတ်လွှတ်မှုထိန်းချုပ်ရေး ထပ်တိုးဥပဒေပြဋ္ဌာန်းမည့် ဂျာမနီ၏အဆိုကို ပြင်သစ်နိုင်ငံက ကန့်ကွက်



**ဘရပ်ဆဲလ် မတ် ၂၂**

ဂျာမနီနိုင်ငံသည် မော်တော်ကားများမှ ကာဗွန်ထုတ်လွှတ်မှု ထိန်းချုပ်ရေးဥပဒေနှင့်ပတ်သက်ပြီး ထပ်တိုးဥပဒေများ ပြဋ္ဌာန်းရန် ဥရောပသမဂ္ဂ အဖွဲ့အစည်းထံ အဆိုပြုလာခဲ့ခြင်းနှင့်ပတ်သက်ပြီး ပြင်သစ်နိုင်ငံက ကန့်ကွက်ထားကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံက ထပ်တိုးလိုသည့် ဥပဒေမှာ ၂၀၃၅ ခုနှစ်အရောက်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ကာဗွန်ထုတ်လွှတ်မှု မြင့်မားသည့် မော်တော်ကားအဟောင်းများကို အသုံးမပြုစေဘဲ မော်တော်ကားအသစ်များ ထုတ်လုပ်ရောင်းချသွားရမည့်ဥပဒေဖြစ်ပြီး ဂျာမနီနိုင်ငံ၏ အဆိုပြုချက်ကို ပြင်သစ်နိုင်ငံက ကန့်ကွက်ခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် ၂၀၅၀ ပြည့်နှစ် အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် အလေးထား ဆောင်ရွက်သွားမည်ဖြစ်သော်လည်း ထပ်တိုးမည့်ဥပဒေအသစ်ကို လက်ခံမည်မဟုတ်ကြောင်း ပြင်သစ်နိုင်ငံ၏ ဥရောပသမဂ္ဂရေးရာဝန်ကြီး လော်ရင့်ဘွန်းက ပြောကြားသည်။

"ပြင်သစ်နိုင်ငံအနေနဲ့ မော်တော်ကားတွေက ထုတ်လွှတ်တဲ့ ကာဗွန်လျှော့ချရေးစီမံချက်ကို မူလက ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်းပဲ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၃၅ ခုနှစ်အရောက်မှာ မော်တော်ကားအသစ်တွေ ထုတ်လုပ် ရောင်းချသွားရမယ်ဆိုတဲ့ ဥပဒေကို ပြင်သစ်အနေနဲ့ လက်မခံပါဘူး။ ဂျာမနီနိုင်ငံဟာ ဒီထပ်တိုးဥပဒေအသစ် ပြဋ္ဌာန်းနိုင်ဖို့အတွက် သူ့ရဲ့မဟာမိတ်နိုင်ငံတွေကိုစည်းရုံးပြီး ဒီဥပဒေအတည်ပြုနိုင်အောင် ကြိုးစားလာလိမ့်မယ်"ဟု ပြင်သစ်နိုင်ငံ၏ ဥရောပသမဂ္ဂရေးရာဝန်ကြီး လော်ရင့်ဘွန်းက ပြောကြားသည်။

**ခိုင်းဆက်**

# အိန္ဒိယနိုင်ငံတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စိုက်ခင်းများပျက်စီး

**နယူးဒေလီ မတ် ၂၂**

အိန္ဒိယနိုင်ငံတွင် မတ် ၁၉ ရက်မှ ၂၀ ရက်အတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ပြီး မိုးသီးများ ကျဆင်းမှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းအမြောက်အမြားပျက်စီးခဲ့ကြောင်း TOE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းကာ မိုးသီးများ ကျဆင်းမှုကြောင့် အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်း၊ အလယ်ပိုင်းနှင့်အနောက်ဘက်ပိုင်းတို့တွင် ကောက်ပဲသီးနှံစိုက်ခင်း အမြောက်အမြား ပျက်စီးခဲ့ပြီး တောင်သူအမြောက်အမြား အရှုံးပေါ်မည့်အရေးဖြင့် ရင်ဆိုင်နေရကြောင်း၊ ဆောင်းရာသီ သီးနှံစိုက်ခင်းအများစု ပျက်စီးခဲ့ရခြင်းကြောင့် အိန္ဒိယနိုင်ငံတွင် စားနပ်ရိက္ခာမှာ ယခင်နှစ်အောက် လျော့နည်းလာဖွယ်ရှိနေကြောင်း သိရသည်။

ကောက်ပဲသီးနှံစိုက်ခင်းအများစု ပျက်စီးခဲ့သည့် ပြည်နယ်များမှာ ပန်ဂျပ်ပြည်နယ်၊ ဥတ္တရပရာဒေ့ရှ် ပြည်နယ်ရှိ ဟာယာနာနယ်မြေ၊ မဒ္ဓျပရောဒေ့ရှ်ပြည်နယ်တို့ဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့်မိုးသီးများကျဆင်းမှုကြောင့် ဂျုံစိုက်ခင်းအများစုပျက်စီးခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာ့ဂျုံတင်ပို့ရောင်းချမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ဂျုံစိုက်ခင်းများပျက်စီးမှုကြောင့် အထွက်နှုန်းသိသိသာသာလျော့ကျလာဖွယ်ရှိနေကြောင်း၊ ၂၀၂၂ ခုနှစ်ကလည်း သဘာဝဘေးဒဏ်များကြောင့် ဂျုံအထွက်နှုန်းလျော့ကျခဲ့ပြီး ယခုနှစ်တွင်လည်း ဂျုံအထွက်နှုန်း ထပ်မံလျော့ကျလာဖွယ်ရှိနေသဖြင့် နှစ်နှစ်ဆက်တိုက် ဂျုံအထွက်နှုန်းလျော့ကျမည့်အရေးဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် မတ်လအစောပိုင်းကလည်း အပူချိန်မြင့်တက်မှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများပျက်စီးခဲ့ရသလို ယခုတစ်ဖန် အချိန်အခါမဟုတ်မိုးရွာသွန်းမှုနှင့် မိုးသီးများကျဆင်းမှုကြောင့် နှစ်ကြိမ်တိုင်တိုင် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရကြောင်း သိရသည်။

**ခိုင်းဆက်**

# အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်

**ကဘူးလ် မတ် ၂၂**

အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်းတွင် မတ် ၂၁ ရက်က ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူးရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်သောသတင်းများကို ကိုးကား၍ CNN သတင်းဌာနက မတ် ၂၁ ရက်တွင် ရေးသားဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ Jurm မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၄၀ အကွာ အနက် ၁၈၇ ဒသမ ၆ ကီလိုမီတာတွင် ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူးရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ဘက်ရှိ Laghaman ပြည်နယ်တွင် အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး ရှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း၊ အာဖဂန်နစ္စတန်နယ်စပ် ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းတွင်လည်း အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ကလေးနှစ်ဦးအပါအဝင် အနည်းဆုံး လူသုံးဦးသေဆုံးပြီး လူ ၄၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း Khyber Pakhtunkhwa ပြည်နယ် ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Bilal Faizi က ပြောကြားခဲ့ကြောင်း သိရသည်။



အာဖဂန်နစ္စတန်တွင် လှုပ်ခတ်ခဲ့သောငလျင်သည် အိမ်နီးချင်း ပါကစ္စတန်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ငလျင်လှုပ်ခတ်မှုကို ပြင်းထန်စွာခံစားခဲ့ရကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ Abbotabad မြို့တွင် ငလျင်လှုပ်ခတ်သဖြင့် မြေပြိုမှုကြောင့် လမ်းများပိတ်ဆို့ခဲ့ရပြီး အစ္စလာမ်မာဘတ်မြို့တော်တွင်လည်း အဆောက်အအုံ အလုံး ၂၀ ကျော်ပျက်စီးကာ လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း Faizi က ဆက်လက်ပြောကြားသည်။

အာဖဂန်နစ္စတန် တာဝန်ရှိသူများအနေဖြင့်နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးဌာနများကို ငလျင်နှင့်ပတ်သက်၍ အသင့်ပြင်ဆင်ထားရန် အသိပေးထားပြီး ပါကစ္စတန်ဝန်ကြီးချုပ်ကလည်း ပါကစ္စတန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနများကို သတိရှိရန်နှိုးဆော်ထားကြောင်းသိရသည်။ AZH

# လေကြောင်းလိုင်းများမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ကုလသမဂ္ဂနှင့် ICAO ပူးပေါင်းဆောင်ရွက်မည်

**အော့တာဝါ မတ် ၂၂**

လေကြောင်းလိုင်းများမှကာဗွန်ထုတ်လွှတ်မှု မြင့်မားလာခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂက ကနေဒါနိုင်ငံ မွန်ထရီရယ် အခြေစိုက် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့(ICAO)အဖွဲ့အစည်းနှင့်ပူးပေါင်းကာ ၂၀၂၄ ခုနှစ်မှစ၍ လေကြောင်းလိုင်းများမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအစီအစဉ်ကို အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများအတွက် ကာဗွန်ထုတ်လွှတ်မှုချိန်ညှိခြင်းနှင့်လျှော့ချရေး(CORSIA)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ICAO က ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် အသွားအလာ ကန့်သတ်မှုများ ပြုလုပ်ခဲ့စဉ် လေကြောင်းခရီးစဉ်များ ရပ်နားထားရသည့်အတွက် လေထုညစ်ညမ်းမှုနှုန်းမှာ သိသိသာသာလျော့ကျလာခဲ့သည်။

အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများအတွက် ကာဗွန်ထုတ်လွှတ်မှုချိန်ညှိခြင်းနှင့် လျှော့ချရေး (CORSIA) စီမံချက်ဖြင့် လေကြောင်းလိုင်းများကို ကန့်သတ်ထိန်းချုပ်မှုများ ပြုလုပ်လာပါက ၂၀၂၄ ခုနှစ်တွင် လေကြောင်းလိုင်းလုပ်ငန်းရှင်များအနေဖြင့် လေကြောင်းလိုင်းများကို လျှော့ချရမည့်အရေးဖြင့် ရင်ဆိုင်လာရဖွယ်ရှိနေကြောင်း၊ လေကြောင်းလိုင်းများကို လျှော့ချရပါက လေကြောင်းလိုင်းလုပ်ငန်းရှင်များအတွက် လုပ်ငန်းလည်ပတ်မှုများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်သွားရဖွယ်ရှိနေကြောင်း သိရသည်။

လေကြောင်းလိုင်းများမှကာဗွန်ထုတ်လွှတ်မှုနှုန်း မြင့်မားလာခြင်းကို ၂၀၁၉ ခုနှစ်ကတည်းက ထိန်းချုပ်မည့်အစီအစဉ်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်ပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ထိရောက်သော ဆွေးနွေးမှု မရှိခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# မြောက်ကိုရီးယားနိုင်ငံ သဘာဝဘေး ကိုင်တွယ်ဖြေရှင်းရေး အမျိုးသားသဘာဝဘေး တုံ့ပြန်ရေးကော်မတီအစည်းအဝေးကျင်းပ

**ပြုံယမ်း မတ် ၂၂**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အောင်မြင်စွာကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံ၏စွမ်းအားကို ကောင်းမွန်စေမည့်နည်းလမ်းများနှင့် ပတ်သက်၍ အမျိုးသားသဘာဝဘေးတုံ့ပြန်ရေးကော်မတီအစည်းအဝေးကို မတ် ၂၁ ရက်က ကျင်းပခဲ့ကြောင်း ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ကြေညာခဲ့သည်ဟု The Korea Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ယခင်နှစ် ရေကြီးမှုမှပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများအပြင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို လျင်မြန်စွာကိုင်တွယ်ဖြေရှင်းနိုင်ရေးအစီအမံများ ကဲ့သို့သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံကိန်းများတွင် တိုးတက်မှုနှင့်ပတ်သက်၍ အပတ်စဉ်အင်္ဂါနေ့တိုင်း အစည်းအဝေးကျင်းပနိုင်ခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်အတူ နာတာရှည်ရောဂါများ၊ အစာရေစာ ပြတ်လပ်မှုများနှင့်ပတ်သက်၍ အမျိုးသားအကျပ်အတည်းတုံ့ပြန်ရေး ကော်မတီတစ်ရပ်ထူထောင်ရန် ဥပဒေတစ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပြီးနောက် အဆိုပါပြဿနာများကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေး အစည်းအဝေးများကို ပုံမှန်ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံပိုင်မီဒီယာများ၏ ဖော်ပြချက်များအရ ကူးစက်ရောဂါများ ပျံ့နှံ့မှု၊ ရေကြီးရေလျှံမှု၊ မုန်တိုင်းနှင့် ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုမျိုးကိုသာ အကျပ်အတည်းအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

AZH

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများ

**ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)**

**သဘာဝသယံဇာတများ**

မြန်မာနိုင်ငံတွင် သဘာဝတွင်းထွက်သယံဇာတများ အတော်အသင့်ကြွယ်ဝသည်ဟုဆိုနိုင်သည်။ သို့သော် သုံးမကုန်လောက်အောင်တော့ ကြွယ်ဝခြင်းမရှိဟုပြောလိုသည်။ အကြောင်းမှာ သဘာဝသယံဇာတအရင်းအမြစ်များသည် ကမ္ဘာမြေကြီး၏ သဘာဝဖြစ်စဉ်များက နှစ်သန်းပေါင်းများစွာကြာရှည်သည်ထိ ပြုပြင်ပြောင်းလဲပေးခဲ့မှုကြောင့်သာ ဖြစ်ပေါ်လာရသည်။ လူတို့၏တိုတောင်းလှသော သက်တမ်းကာလအတွင်းမှာ ၎င်းသယံဇာတများဖြစ်ထွန်းမလာနိုင်ပါ။

ဤမြေကမ္ဘာကြီးသည်လည်း လောကလူသားအားလုံးကို ထိထိရောက်ရောက်အကျိုးပြုနေသည်။ ကမ္ဘာကြီးကနေစရာနေရာ၊ သောက်စရာရေ၊ စားသုံးရန် အာဟာရ၊ ရှင်သန်ရန်အတွက် နေရောင်ခြည်၊ နေအိမ်များဆောက်လုပ်ရန် သစ်တောသစ်ပင်၊ လူမှုစီးပွားတည်ဆောက်ကြရန် မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတများနှင့် သတ္တုဖြပ်စင်၊ ရွှေ၊ ငွေ၊ ခဲ၊ သွပ်၊ ပတ္တမြားနှင့် နီလာအဖြာဖြာကို ပေးအပ်နေသည်ဟု ဆိုရမည်ဖြစ်သည်။

**မရှိမဖြစ်သောဤကမ္ဘာမြေ**

ကမ္ဘာကြီးသည် လူသားတို့အတွက် အခြေခံကျသော၊ မရှိမဖြစ်လိုအပ်နေသော မှီခိုအားထားရသည့် အရာတစ်ခုပင်ဖြစ်သည်။ ဤစကြာဝဠာကြီးတစ်ခုလုံးအတွင်းရှိ ဂြိုဟ်သိမ်၊ ဂြိုဟ်မွှား၊ ဂြိုဟ်ကြီးများအနက် ကမ္ဘာဂြိုဟ်သည်သာ လူသားတို့အသက်ရှင်သန်ရပ်တည်နိုင်ခွင့်ကိုပေးသည်။ လူသားတို့အတွက် တည်ငြိမ်အေးချမ်းသည့်နေရာ၊ ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ကြီးများ တည်ဆောက်ရန်နေရာ၊ လူ့စွမ်းအားအရင်းအမြစ်များရှင်သန်ရပ်တည်ရန် နေရာတို့ကိုပေးသည်။

သို့ဖြစ်ပေရာ ယနေ့လူသားအားလုံး၏ အဓိကတာဝန်မှာ ဤမြေကမ္ဘာကြီးကို ကာလရှည်ကြာတည်နေစေရေး၊ သက်ရှည်ကျန်းမာ၍ သုခအဖြာဖြာပြည့်ဝသော လူ့အဖွဲ့အစည်းတစ်ရပ် ထာဝရရှင်သန်နေစေရေး၊ လူသားတို့အတွက် စီးပွားဥစ္စာရတနာ ရွှေငွေပေါကြွယ်ဝစေရေး၊ စိတ်လက်ချမ်းသာ ကိုယ်ကျန်းမာ၍ ရောဂါဘယကင်းဝေးကြစေရေး၊ သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးကြ၍ ဒုက္ခပယ်ခွာ သုခဘုံတွင် ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ရေးပင်ဖြစ်သည်။

**အသက်သခင်ကျေးဇူးရှင်**

လူသားတို့၏ အသက်သခင်ကျေးဇူးရှင်များဖြစ်သော တွင်းထွက်သယံဇာတနှင့်သဘာဝအရင်းအမြစ်များကို အလေးထားကြရမည်။ ကျေးဇူးတရားကို အသိတရားနှင့်ထိန်းသိမ်းလျက် ၎င်းတို့မလျော့ပါးစေရန်၊ ရေရှည်သုံးစွဲနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကြီး မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ကြရမည်။

လူသားများသည် ကမ္ဘာကြီးကပေးအပ်သော တွင်းထွက်များ၊ ကျောက်မျက်ရတနာများ၊ သတ္တုအမျိုးမျိုး၊ အားဖြည့်လောင်စာ၊ စိုက်ပျိုးရန် မြေဆီလွှာ၊ သောက်သုံးရန်၊ သုံးစွဲရန်ရေကောင်းရေသန့်၊ ရှူရှိုက်ရန် လေကောင်းလေသန့်၊ စားသောက်ရန် အာဟာရနှင့် နေအိမ်တည်ဆောက်ရန် အုတ်၊ ထုံး၊ သဲ၊ ကျောက်စရစ်များကို အတိုင်းအဆမရှိ အလွန်အမင်းသုံးစွဲနေကြသည်။

**ဘူမိဗေဒဖြစ်စဉ်များ**

အထက်ဖော်ပြပါ သဘာဝတွင်းထွက်အရင်းအမြစ်များကိုဖြစ်ပေါ်စေသော၊ ထိန်းချုပ်ထားသောအရာသည် အခြားမဟုတ်ပါ။ ဤကမ္ဘာကြီး၏ ဘူမိဗေဒဖြစ်စဉ်များ (Earth's Geological Processes) ပင်ဖြစ်သည်။ ၎င်းတို့စတင်ဖြစ်ပေါ်လာမှု၊ သယ်ဆောင်ရွေ့လျားမှု၊ စုဝေးဖြစ်တည်မှု၊ ဓာတ်ပြုပြောင်းလဲမှု၊ ပျံ့နှံ့တည်နေမှု၊ အများအပြားရရှိနိုင်မှု၊ ထုတ်ယူသုံးစွဲနိုင်မှု စသည်များကို ဘူမိဗေဒဖြစ်စဉ်များက ထိန်းချုပ်ထားသည်။

ကမ္ဘာကြီးသည် ၎င်းတစ်ခုတည်းသာ ရပ်တည်လျက် အခြားဂြိုဟ်များနှင့် ဆက်စပ်မှုမရှိသည့် အပိတ်ပုံစနစ် (Close System) တစ်ခုသာဖြစ်ပေသည်။ ထိုအခါ သဘာဝဖြစ်စဉ်များနှင့် သယံဇာတအရင်းအမြစ်များကို အကန့်အသတ်ဖြင့်သာဖြစ်ပေါ်စေသည်။ ၎င်းတို့သည် လူ့သက်တမ်းတစ်ခုအတွင်း၌ အသစ်တစ်ဖန်ပြန်လည်ဖြစ်ပေါ်ရန် မလွယ်ကူပေ။ နှစ်သန်းပေါင်းရာထောင်ချီ၍ အချိန်ယူခဲ့ရသည်။ ဤဖြစ်စဉ်မျိုးက လူသားတို့ဖန်တီးပေးရန် လုံးဝမလွယ်ကူပါ။ လုံးဝမဖြစ်နိုင်ပါ။ အလွန်ခက်ခဲသောဖြစ်စဉ်များဖြစ်သည်။

**အတိုင်းအဆရှိသောသယံဇာတ**

မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတများသည် အလွန်အမင်းပေါကြွယ်ဝသည်မဟုတ်ပါ။ အတိုင်းအဆရှိသော ကန့်သတ်မှုများအတွင်းမှာ တည်ရှိနေသည်။ ထုတ်ယူသုံးစွဲလိုက်၍ ကုန်ခန်းသွားပါက လူ့သက်တမ်းကာလအတွင်း အသစ်ဖြစ်ပေါ်မလာနိုင်တော့ပါ။ နောက်ထပ်အသစ်ဖြစ်ပေါ်ရန် နှစ်ပေါင်းသန်းနှင့်ချီ၍ကြာမြင့်သည်။ ထို့ကြောင့် ကုန်ခန်းမသွားစေရေးအတွက် ကာကွယ်ပေးရမည်။ စနစ်တကျသုံးစွဲကြစေရန် စီမံခန့်ခွဲရမည်။ စည်းကမ်းသတ်မှတ်ချက်များဖြင့် ထုတ်ယူသုံးစွဲရမည်ဖြစ်သည်။

အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ သဘာဝသယံဇာတများသည် တဖြည်းဖြည်းလျော့ပါး၍လာမည်။ ရှာဖွေဖော်ထုတ်ရန်ခက်ခဲ၍လာမည်။ ထိုအခါ အနာဂတ်ကမ္ဘာတွင် သယံဇာတများဆက်လက်တည်ရှိစေရေး၊ အကျိုးရှိရှိသုံးစွဲနိုင်ရေးသည် မျိုးဆက်သစ်တို့၏ တာဝန်သာဖြစ်သည်။ ၎င်းတို့ကို ထိထိရောက်ရောက် တန်ဖိုးသိသိ စီမံခန့်ခွဲကြရမည်။ အသစ်များရှိလာသော သိပ္ပံပညာ၊ နည်းပညာများဖြင့် အစားထိုးရမည်။ ဖြစ်ထွန်းမြဲစွမ်းအင်များအစား အစားထိုးအားဖြည့်လောင်စာများကို ဖန်တီးထုတ်လုပ်ပေးရမည်။

**မျိုးဆက်သစ်များနှင့်အနာဂတ်ကမ္ဘာ**

ဤမြေကမ္ဘာထာဝရတည်နေရေး၊ သဘာဝဖြစ်စဉ်များနှင့် လူသားတို့၏ကမ္ဘာအမြဲထာဝရသဟဇာတဖြစ်နေရေးသည် အလွန်အရေးကြီးသည်။ ဤအချက်ကို မျိုးဆက်သစ်များက အထူးအလေးထားကြရမည်။ အာရုံစိုက်ကြရမည်။ အလေးထား၍ ကြိုးစားရှာဖွေကြရမည်။ သဘာဝအရင်းအမြစ်များသည် မည်ကဲ့သို့စတင်ဖြစ်ပေါ်လာသည်၊ မည်သည့်ဖြစ်စဉ်တို့က ထိန်းချုပ်ထားသည်၊ မည်သည့်နေရာမျိုးတွင် စုဝေးဖြစ်ပေါ်ကြသည်၊ မည်ကဲ့သို့ ရွေ့လျားနေကြသည်၊ မည်ကဲ့သို့သော ဓာတ်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာခဲ့ကြသည် စသည့်ကမ္ဘာ့သဘာဝဖြစ်စဉ်များကို ယခုထက်ပို၍ လေ့လာကြရမည်။ သိနားလည်ရန် ကြိုးစားအားထုတ်ရမည်။ ရှာဖွေဖော်ထုတ်ပေးရမည်။

သဘာဝစွမ်းအားစုများ၊ သဘာဝအရင်းအမြစ်များကို တိတိကျကျသေသေချာချာလေ့လာပါ။ ဓာတ်ခွဲစမ်းသပ်ပါ။ သုတေသနပြုကြပါ။ အစားထိုးနိုင်မည့်အရာ၊ အားဖြည့်လောင်စာ (ဥပမာ- ဘူမိအပူစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ ရေနွေးငွေ့စွမ်းအင်၊ ရေစွမ်းအင်၊ လေစွမ်းအင်၊ ကျောက်မီးသွေးစွမ်းအင်၊ နျူကလီးယားစွမ်းအင်နှင့် အခြားသောနည်းဖြင့် ရရှိနိုင်မည့် စွမ်းအင်များကိုဖန်တီးပေးရမည်)။ ကမ္ဘာအနှံ့ကျယ်ကျယ်ပျံ့ပျံ့သုံးစွဲနိုင်ရေးကိုဦးစားပေး၍ လုပ်ဆောင်ကြရမည်။

အဆိုပါစွမ်းအင်များ၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် နည်းပါး၍ အများပြည်သူများလွယ်လွယ်ကူကူ အသုံးပြုနိုင်ရန်ဖန်တီးပေးရမည်။ လေထု၊ ရေထုညစ်ညမ်းမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ရေခဲတောင်များအရည်ပျော်၍ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၊ သစ်တောကြီးများပြုန်းတီးလာ၍ မြေဆီလွှာပျက်စီးမှု၊ မြေအောက်ရေများ လျော့ပါးလာမှု၊ မိုးခေါင်ရေရှားမှုနှင့် မြေလွှာအက်ကွဲမှု စသည့်နောက်ဆက်တွဲပြဿနာများကို အလေးထား၍ စဉ်းစဉ်းစားစားလုပ်ဆောင်ကြရန်ဖြစ်သည်။

> ❖ မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတများသည် အလွန်အမင်းပေါကြွယ်ဝသည်မဟုတ်ပါ။ အတိုင်းအဆရှိသော ကန့်သတ်မှုများအတွင်းမှာ တည်ရှိနေသည်။ ထုတ်ယူသုံးစွဲလိုက်၍ ကုန်ခန်းသွားပါက လူ့သက်တမ်းကာလအတွင်း အသစ်ဖြစ်ပေါ်မလာနိုင်တော့ပါ။ နောက်ထပ်အသစ်ဖြစ်ပေါ်ရန် နှစ်ပေါင်းသန်းနှင့်ချီ၍ကြာမြင့်သည်။ ထို့ကြောင့် ကုန်ခန်းမသွားစေရေးအတွက် ကာကွယ်ပေးရမည်။ စနစ်တကျသုံးစွဲကြစေရန် စီမံခန့်ခွဲရမည်။ စည်းကမ်းသတ်မှတ်ချက်များဖြင့် ထုတ်ယူသုံးစွဲရမည်ဖြစ်သည်။ ❖

**အကျိုးနှင့်အပြစ်**

အရာရာတွင် အကျိုးနှင့်အပြစ်၊ အကောင်းနှင့်အဆိုး၊ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုစသည်တို့သည် အစဉ်အမြဲယှဉ်တွဲနေကြသည်။ အဆိုးများကို တတ်နိုင်သမျှလျော့နည်းစေပြီး ကောင်းကျိုးများကို များသည်ထက် များအောင်လုပ်ဆောင်ကြရမည်။ တိုးတက်လာသည့်နည်းပညာများကို အကျိုးရှိရှိနှင့် ဘေးထွက်ဆိုးကျိုးများကိုနည်းနိုင်သမျှနည်းပါးအောင် လုပ်ဆောင်ကြရမည်။ ထိုသို့မဟုတ်ပါက မမျှော်လင့်သည့် အဖြစ်ဆိုးများ၊ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်စဉ်များနှင့်ကြုံတွေ့နိုင်သည်။ (ဥပမာ-ဖန်လှောင်အိမ်ဓာတ်ငွေ့များ၏ အကျိုးသက်ရောက်မှု၊ အိုဇုန်းလွှာပေါက်၍ ခရမ်းလွန်ရောင်ခြည်များကျရောက်မှု၊ သတ္တုတူးဖော်ခြင်းမှထွက်ရှိလာသည့် ဘေးထွက်ဆိုးကျိုးဖြစ်သည့် အဆိပ်သင့်ရေများ (Toxic water)၊ ကျောက်တောင်ကြီးများကိုဖြိုခွဲရာမှ ထွက်လာသည့် အမှုန်အမွှားတို့ကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအမျိုးမျိုးကို ရရှိခံစားစေခြင်း)။

**အကြံပြုတင်ပြချက်**

ယနေ့လူငယ်များသည် အနာဂတ်ကမ္ဘာကြီးကို ဖန်တီးကြမည့် မျိုးဆက်သစ်များဖြစ်ကြသည်။ ဘေးအန္တရာယ်များကင်းရှင်း၍ အေးချမ်းတည်ငြိမ်သော၊ ဖွံ့ဖြိုးတိုးတက်သော၊ သက်ရှည်ကျန်းမာ၍ အနာရောဂါကင်းစင်သော လူ့အဖွဲ့အစည်းကို ဖန်တီးတည်ဆောက်ကြရမည်။ နည်းပညာများအဆင့်ဆင့်တိုးတက်လာမှုကြောင့် နောက်ဆက်တွဲဖြစ်လာမည့် သဘာဝဘေးအန္တရာယ်ကြီးများ၊ ကပ်ရောဂါဆိုးကြီးများ၊ ထူးခြားပြောင်းလဲလာသည့် ရာသီဥတုဆိုးများ၊ မုန်တိုင်းကြီးများ၊ ဆူနာမိ ခေါ် ထူးကဲဒီရေလှိုင်းများ၊ ပျက်စီးယိုယွင်းလာသည့် သဘာဝပတ်ဝန်းကျင်၊ ညစ်ညမ်းလာသည့် ကမ္ဘာ့မြေထု၊ လေထုနှင့် ရေထုများကို ကာကွယ်ကြရမည်။

ဤကဲ့သို့သောဘေးဆိုး၊ အန္တရာယ်ဆိုးကြီးများသည် အဘယ်ကြောင့်ဖြစ်ပေါ်လာရသနည်း၊ အဓိကအကြောင်းရင်းမှာအဘယ်နည်း၊ မည်သို့ကာကွယ်ရမည်၊ မည်သို့ထိန်းချုပ်ရမည်နည်း၊ မည်ကဲ့သို့သော နည်းလမ်းများဖြင့်လျော့ပါးအောင် လုပ်ဆောင်ရမည်နည်း စသည်တို့မှာအဓိကဖြစ်သည်။ သို့ပါ၍ လူတိုင်း၏အသိစိတ်တွင် "မိမိတို့၏ကမ္ဘာကြီးကို ကာကွယ်ရမည်။ သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ရမည်။ တွင်းထွက်သယံဇာတများကို အကျိုးရှိရှိသုံးစွဲကြ၍ အလေအလွင့်မရှိစေရန်၊ ကုန်ခန်းပျောက်ဆုံးမသွားကြစေရန်"ဟူသော အသိစိတ်ကို အမြဲထား၍ ကြိုးကြိုးစားစားကာကွယ်သွားကြရန် လိုအပ်ကြောင်းကို ဆန္ဒပြုလျက် ရေးသားလိုက်ရပါသည်။

**ကိုးကား**

**–ဘူမိဗေဒပညာရှင်တစ်ဦး၊ တွင်းထွက်သယံဇာတများမြန်မာနိုင်ငံ၌ ကြွယ်ဝပါသလား (၂၈-၅-၇၄ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ)**

**–DrKo (Geology)- Earth Resources, 2013 Pakokku Univ. annual magazine**

# ကလောမြို့နယ် ရှာတော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကလော မတ် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ရှာတော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာ၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ ရှာတော်ကျေးရွာ၌ အရှည်ပေ ၈၇၅၀ ရှိ စိမ့်စမ်းရေအမြင့်တင်ခြင်း၊ အင်ဂျင်၊ ပင်စတင်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ရှာတော်ကျေးရွာ၌ အဆိုပါရေရရှိရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၁ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇ ဒသမ ၅၃၅ သန်း စုစုပေါင်းငွေကျပ် ၂၈ ဒသမ ၅၃၅ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဖေဖော်ဝါရီလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ရှာတော်ကျေးရွာရှိ အိမ်ခြေ ၂၂၄ အိမ်၊ လူ ၉၀၅ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေ ရရှိပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

**ချိုသန်းညွန့်**

# တနင်္သာရီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ရေထွက်ကုန်တင်ပို့မှုမှ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၌ ကန်ဒေါ်လာ ၅၂ ဒသမ ၀၈၉ သန်းရရှိထား




**ထားဝယ် မတ် ၂၂**

ယခုနှစ် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့တွင် တနင်္သာရီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ရေထွက်ကုန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၀၈၉ သန်း ရရှိထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ညီတိုးက ပြောပြ၍ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ရေထွက်ကုန်တင်ပို့ရာတွင် ကော့သောင်းကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းတို့ဖြင့် တင်ပို့နေခြင်းဖြစ်ပြီး ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များကို အများဆုံးတင်ပို့နေရကြောင်း သိရသည်။

"ထိုင်းနိုင်ငံကို နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကနေ တနင်္သာရီတိုင်းဒေသကြီးက ထွက်ရှိတဲ့ ရေထွက်ကုန်တင်ပို့နိုင်မှုက တော့ အခုနှစ် ဇန်နဝါရီလမှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁၂၉ သန်းနဲ့ ဖေဖော်ဝါရီလမှာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၉၆ သန်း ပို့ကုန်ဝင်ငွေတွေ ရရှိထားပါတယ်။ ဒီလိုတင်ပို့ရာမှာ ရေထွက်ကုန် အမျိုးအစားတွေအနေနဲ့ ငါးအမျိုးအစား ၆၅ မျိုး၊ ပုစွန် သုံးမျိုးနဲ့ အခြားရေထွက်ကုန် ၁၂ မျိုးဖြစ်ပါတယ်။ ရေထွက်ကုန်တင်ပို့ရာမှာ ကော့သောင်း-ရနောင်းလမ်းကြောင်းက အများဆုံးတင်ပို့နိုင်တဲ့ အခြေအနေရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ ဖေဖော်ဝါရီလထိ ပို့ကုန်ဝင်ငွေရရှိမှုက အမေရိကန်ဒေါ်လာ သန်း ၁၈၀ ရရှိထားပါတယ်။ မြိတ်နဲ့ မောတောင်နယ်စပ်ကုန်သွယ်ရေး စခန်းတွေကတော့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ ဖေဖော်ဝါရီလထိ ပို့ကုန်ဝင်ငွေရရှိမှုက အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၉၅ သန်း ရရှိထားပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ညီတိုးက ပြောပြ၍ သိရသည်။

ASH

# သဲကုန်းမြို့နယ် ပိတ်ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ပိတ်ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းစက်ဝန်းသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိတ်ချင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၅ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် နှစ်သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၂ ဒသမ ၃၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**



# မအူပင်မြို့နယ်တွင် မျိုးနေကြာစေ့တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ထိ ဈေးကောင်းရရှိ

**မအူပင် မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် မတ်လအတွင်း မျိုးနေကြာစေ့တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်တင်တင်ညိုက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခင်က မျိုးနေကြာစေ့တစ်တင်းလျှင် ဒေသပေါက်ဈေးငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ သာဈေးရှိခဲ့ပြီး ယခုနှစ် မတ်လအတွင်း မျိုးနေကြာစေ့တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါမျိုးနေကြာစေ့များ အရောင်းအဝယ်ကောင်းလာခြင်းသည် ယခုနှစ်တွင် နေကြာစိုက်ပျိုးရေးလုပ်ငန်းရှင် များပြားလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"တောင်သူတွေအနေနဲ့နေကြာကို စိုက်ပျိုးဖို့ စိတ်ဝင်စားလာကြတယ်။ လက်ရှိနေကြာမျိုးစေ့တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဈေးကောင်းလဲရနေတယ်။ အခုမှစမ်းသပ်စိုက်ပျိုးတဲ့သူတွေလဲ ရှိသလို အခုနှစ်မှာ အများအပြားစိုက်ပျိုးလာတဲ့သူတွေလဲ ရှိနေပါတယ်။ ဒေသမှာ အခုလိုနေကြာတွေ တိုးချဲ့ပိုမိုစိုက်ပျိုးလာတာကြောင့် စားသုံးဆီသန့်သန့်စားသုံးလာရမယ်။ တောင်သူတွေ ဈေးကောင်းကောင်း ရရှိလာမယ်။ ကုန်သည်တွေ အရောင်းအဝယ် အဆင်ပြေလာတယ်။ နောက်ဆုံး ဆီကြိတ်ခွဲရောင်းချသူတွေထိပါ အဆင်ပြေလာမယ်"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

မအူပင်မြို့နယ်မှ မျိုးနေကြာစေ့များကို ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဘိုကလေးမြို့နယ်တို့က အများဆုံး လာရောက်ဝယ်ယူနေကြောင်း၊ အဆိုပါမျိုးနေကြာစေ့များ ဈေးကောင်းရရှိနေခြင်းကြောင့် ဆောင်းနေကြာ စိုက်ပျိုးခဲ့သည့် တောင်သူများလည်း အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် မတ် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်း ကော်မတီဝင်များနှင့်အတူ နမ့်ဟွေလုံကျေးရွာနှင့် ဟာကြားမုတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရဲခေါင်က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်ဟွေလုံကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း၊ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၉၂ သန်းဖြင့် ZNH ကုမ္ပဏီကလည်းကောင်း၊ ဟာကြားမုတိကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း၊ ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၉၂ သန်းဖြင့် Hero Family ကုမ္ပဏီက လည်းကောင်း ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ခင်မာ**

# မိုးကောင်းမြို့နယ် နန့်လှိုင်ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုးကောင်း မတ် ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် နန့်လှိုင်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နန့်လှိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

နန့်လှိုင်ခေတ်မီစံပြကျေးရွာ၌ အလျား ၄၅ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာထည့်ဝင်ငွေကျပ်သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း ၁၆၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက ပြောပြ၍ သိရသည်။

**သက်မာ**

# အများချစ်ခင် စီးပွားဥစ္စာတိုးတက်မည်ပင်

**မြင်းခြံကျော်အောင်**

"အန်ကယ်ရော့ ကျွန်တော် အန်ကယ်တို့ဖို့ ဘိန်းမုန့်ဝယ်လာတယ်"

"ဟာ. . . ဘိန်းမုန့်တွေကလဲ ကြီးလိုက်တာ၊ တော်တော်ကောင်းပုံလဲရတယ်"

ဒီစကားကို စာရေးသူနဲ့ ခေါ်လာတဲ့ Taxi ယာဉ်မောင်း ကိုလေး(အမည်လွှဲ)တို့ပြောခဲ့ကြတယ်။ ဒါလွန်ခဲ့တဲ့ လေးနှစ်လောက်က သူ့ကိုစာရေးသူ အင်းစိန်သွားဖို့ ခေါ်သုံးရာ အင်းစိန်ခုံးတံတားနားရပ်ထားစဉ် သူက ဘိန်းမုန့်ဝယ်ပေးတာဖြစ်ပါတယ်။

စာရေးသူတို့မိသားစုဟာ အထက်ပါ Taxi ကို ရန်ကုန် အင်းစိန်၊ မင်္ဂလာဒုံတွေ သွားစရာရှိတိုင်း ခေါ်သုံးပါတယ်။ သူဟာ စိတ်ကောင်းနှလုံးကောင်းရှိပြီး စာရေးသူတို့မိသားစုကိုလဲ သူ့မိသားစုပမာ ဆက်ဆံတယ်။ ရပ်ကွက်ထဲက မိသားစုတိုင်းကိုလဲ မိသားစုပုံစံနဲ့ သူကဆက်ဆံတယ်။ ဘယ်အချိန်ခေါ်ခေါ် သူအားရင် လိုက်ပို့ပေးတယ်။ မအားရင်တော့ ကျွန်တော်မအားသေးဘူးအန်ကယ်လို့ ရှင်းရှင်းလင်းလင်းပြောတယ်။ အဲဒီအခါ ကိုယ်က သူအားမဲ့အချိန်မေးပြီး ရွှေ့နိုင်ရင် ကိုယ့်ကိစ္စကို သူအားမှသွားရတယ်။ သူကချိန်းဆိုထားတာ လက်ခံပြီးရင်လဲ ဘယ်တော့မှမပျက်ကွက်ဘူး။ သတ်မှတ်ချိန်အရောက်လာတယ်။ သုံး၊ လေးရက်ကြိုပြီး ခေါ်ထားရင်လဲ သူ့ကိုထပ်ပြီးမပြောရဘူး။ ခေါ်ထားတဲ့အချိန်အရောက်လာတယ်။ တစ်ခါတစ်ရံ သူသံသယရှိရင်တော့ပြန်မေးတယ်။ သေချာအောင်လို့။

ရန်ကုန်မြို့တွင်းသွားရင်လဲ ဘယ်ဝင်ချင်သေးလဲ၊ ဘာဝယ်ချင်သေးလဲမေးတယ်။ တစ်ခုခု ဝယ်ချင်သေးရင်လဲ သူပြော ဘယ်နေရာမှာရနိုင်တယ်။ အဲဒီနေရာလိုက်ပို့တယ်။ ကိုယ်က အစီအစဉ်မရေးဆွဲထားရင်လဲ သူက ဘယ်ဆိုင်ကိုဝင်ပါလား၊ ဘာရတယ် စတာ ပြောတယ်။

ပစ္စည်းဝယ်လာရင်လဲ ကူသယ်ပေးတယ်။ အိမ်ရောက်ရင် ကူညီချပေးတယ်။ မေ့ပြီးပစ္စည်းကျန်ခဲ့ရင်လဲ စိတ်ချ ကျွန်တော်ပြန်လာပို့မယ်၊ မပျောက်စေရဘူး ပြောသေးတယ်။

အမှတ်ရနေတဲ့ဖြစ်ရပ်တစ်ခုပြောရအုံးမယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှာ စာရေးသူရဲ့ဇနီးဟာ ဆီးချိုသွေးချိုရောဂါနဲ့ အသည်းအသန်ဖြစ်လို့ အင်းစိန်ပြည်သူ့ဆေးရုံကြီးပို့ပြီး ကုသမှုခံယူရတယ်။ ပထမတစ်ရက်၊ နှစ်ရက်တော့ စာရေးသူ ညစောင့်အိပ်ခဲ့တယ်။ နောက်ရက်တွေမှာတော့ သမီးကြီး၊ သမီးငယ်နဲ့ အကူအလုပ်သမားတို့စောင့်ပြီး ဇနီးကိုပြုစုကြတယ်။ အဲဒီအခါ ရွှေပြည်သာအိမ်နဲ့ အင်းစိန်ဆေးရုံကို တစ်နေ့ အသွားအပြန် နှစ်ခေါက်လုပ်ရတယ်။

မနက်တိုင်း ၇ နာရီလောက်ဆို စာရေးသူက အိမ်ကနေ ဆေးရုံသွား၊ လိုတာယူသွားလုပ်ရတယ်။ နေ့ကုန် လူနာစောင့်ပြီး ညနေ ၄ နာရီလောက်ဆို သမီးတစ်ယောက်ယောက်က လိုတာယူပြီး ဆေးရုံလာ၊ စာရေးသူက အိမ်ပြန်၊ အဲဒီလိုသွားလိုက်၊ ပြန်လိုက် လုပ်ရတယ်။ အဲဒါကို ကိုလေးက မပျက်မကွက် ဆောင်ရွက်ပေးတယ်။ ရွှေပြည်သာအိမ်နဲ့ ဆေးရုံကားခက အသွားအပြန်ဆိုရင် အဲဒီတုန်းက ပုံမှန် ငွေကျပ် ခြောက်ထောင်ပေးရတယ်။ ကိုလေးကတော့ ငွေကျပ် သုံးထောင်ပဲယူတယ်။ စက်သုံးဆီဖိုးပဲ ယူတဲ့သဘောပဲ။ တကယ်အကူအညီလိုလာပြီဆိုရင် အဲဒီလိုမငြိုမငြင် မညည်းမတွားကူညီတာ။

နောက်တစ်ခုရှိသေးတယ်။ ဇနီးဟာ ၂၀၁၈ ခုနှစ် မတ် ၃ ရက်မှာ ကွယ်လွန်သွားတယ်။ နှစ်စဉ် မတ် ၃ ရက်နေ့တိုင်း ကုသိုလ်ကောင်းမှုပြုပေးပါတယ်။ တချို့နှစ်မှာ ဒံပေါက်၊ တချို့နှစ်မှာ ခေါက်ဆွဲကြော် ဘူး ၃၀ စာ စီမံပြီး ဘုရား၊ ဘုန်းကြီးလှူ၊ အိမ်နီးချင်းနဲ့ ရင်းနှီးတဲ့သူငယ်ချင်းတွေ ဝေငှပေးလုပ်တယ်။ အဲဒီအခါ ကိုလေးကားခေါ်ပြီး သုံးပါတယ်။ လုပ်ငန်းပြီးလို့ ကိုလေးဘယ်လောက်ပေးရမလဲမေးရင် ကျွန်တော် ကူညီတာပါ မပေးပါနဲ့ပြောတယ်။ သူနဲ့မိသားစုအတွက်လဲ စာရေးသူက ဒံပေါက်၊ ခေါက်ဆွဲကြော် အလှူလုပ်တာ တစ်ဘူးပေးဖြစ်ပါတယ်။ အဲဒီလိုကူညီတတ်တာ။ အဲဒါကျွန်တော့်တစ်အိမ်တည်းမဟုတ်ဘူး။ ရပ်ကွက်ထဲက ရင်းနှီးသူအားလုံးကို သူကကူညီတာ။

ပစ္စည်းပေးတာနဲ့ပတ်သက်လို့ စာရေးသူကို သံနားဖာကလော်လေးတစ်ခု၊ ကျောကုန်းယားရင်ကုတ်တဲ့ သံကုတ်ကလေးတစ်ခုလဲပေးဖူးတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်ကတောင် အဲဒီပစ္စည်းလေး သုံးဖြစ်တယ်။ အဲဒီတော့ သူ့ကို သတိရမိတယ်။

ရပ်ကွက်ထဲက အိမ်တွေမှာ သမီးငယ်တွေ၊ ချွေးမတွေရှိကြတယ်။ အဲဒီမိန်းကလေးတွေလဲ သွားစရာရှိရင် ကိုလေးကားနဲ့ပဲသွားကြတယ်။ တချို့အမျိုးသားတွေက မအားလပ်တော့ ဇနီးကို ကိုယ့်ကားနဲ့လိုက်မပို့အားဘူး။ ကိုလေးကားခေါ်ပြီး ဇနီးကို ကိုလေးကားနဲ့ပဲသွားခိုင်းတယ်။ မိန်းကလေးတစ်ယောက်တည်းလဲ သူနဲ့လွှတ် စိတ်ချရတယ်။ သူကလဲ ငယ်ရွယ်သူဆို သူ့ညီမလို၊ သူ့ထက်ကြီးသူဆို သူ့အစ်မလို၊ အသက်အရွယ်ကြီးသူဆို သူ့အဒေါ်၊ သူ့အမေလို ဆက်ဆံတယ်။ အဲဒီတော့ ရပ်ကွက်ထဲကလူတွေက သွားစရာရှိရင် သူနဲ့ပဲသွားကြတယ်။

သူ့ရဲ့လုပ်ရပ်ကောင်းတွေက အများကြီးပါ။ သူက အားလပ်ရင် တရားနာတယ်။ ဘွဲ့ရလူငယ်တစ်ယောက်လဲ ဖြစ်ပါတယ်။ စာရေးသူနဲ့ သူငယ်ချင်းတွေ အကြောင်းကိစ္စရှိလို့ ရန်ကုန်သွားရင် သူ့ကားနဲ့ပဲသွားတယ်။ လမ်းမှာစကားပြောသွားကြတယ်။ အဲဒီအခါ သူကလဲ ဝင်ဆွေးနွေးပြောဆိုတယ်။ စာဖတ်တော့ ဗဟုသုတကြွယ်ဝတယ်။ ကားမောင်းလဲမပျက်ဘူး၊ မှန်မှန်မောင်းတယ်၊ ချောချောမောမောနဲ့ ခရီးရောက်တယ်။ အဲဒီလိုအရည်အချင်းရှိသူဖြစ်တယ်။

သွားစရာခရီးကို ပထမအကြိမ်ပဲပြပေးရတယ်။ နောက်အဲဒီခရီးဆို သူ့ပြောစရာမလိုတော့ဘူး။ အားလုံးမှတ်သားမိတယ်။

သူ့ဖခင်ဟာလဲ လူကြီးရောဂါနဲ့အသည်းအသန် ခံစားနေရသူပါ။ ခြောက်လ၊ တစ်နှစ်လောက်ကြာတယ်။ အဲဒါ စာရေးသူတို့ကို မပြောဘူး။ တချို့ဆို ကိုယ့်ရင်တွင်းခံစားချက်ကို ဖွင့်ပြောမှာ။ ဥပမာ အမေကတော့ ကြာကြာနေရတော့မှာမဟုတ်ဘူး စသဖြင့်ပေါ့။ အဲဒီအခါ ကြားရသူစိတ်မကောင်းဖြစ်မိမယ်။ အဲဒီလို စကား သူမပြောဘူး။ သူ့မိသားစုကိစ္စဘာမှမပြောဘူး။

သူ့ညီတစ်ယောက်က ကုမ္ပဏီကြီးတစ်ခုမှာ အကြီးအကဲပါ။ ဒါလဲ သူကဖွင့်မပြောဘူး။ တချို့ဆို ကြွားဝါချင်လို့ ကျွန်တော့်ညီက ဘာကြီးညာကြီးပြောမှာ သူကတော့ မပြောဘူး။ သူ့ညီ ကုမ္ပဏီကထုတ်ဝေတဲ့ ပြက္ခဒိန်တော့ စာရေးသူလို ရင်းနှီးသူတွေကို တစ်နှစ်တစ်ကြိမ် သူဝေငှပေးတယ်။ အဲဒီလို နူးညံ့သိမ်မွေ့သူဖြစ်ပါတယ်။ ပြောသင့်တဲ့စကားပြောတယ်။ မပြောသင့်တာ ရှောင်နှုတ်ပိတ်နေတယ်။

လေးစားသင့်တဲ့လူကြီးတွေကို လေးစားတယ်၊ သက်တူရွယ်တူဆိုရင် တန်းတူရည်တူဆက်ဆံတယ်၊ မထီမဲ့မြင်မပြုဘူး။ ယဉ်ယဉ်ကျေးကျေးဆက်ဆံတယ်။

**❖ ကိုလေးကို အများချစ်ခင်ပြီး စီးပွားဥစ္စာတိုးတက်ရတာဟာ မြတ်ဘုရားဟော သင်္ဂဟဝတ္ထုလေးပါးကို တိတိကျကျလိုက်နာလို့ဖြစ်ပါတယ်။ အဲဒီတရားတွေကတော့ ပထမ ပေးကမ်းလှူဒါန်းခြင်း၊ ဒုတိယ နူးညံ့ကြင်နာချစ်ဖွယ်စွာပြောဆိုခြင်း၊ တတိယ အရေးကိစ္စများတွင် ကူညီလုပ်ဆောင်ပေးခြင်း၊ စတုတ္ထ တန်းတူဆက်ဆံခြင်းတို့ပဲဖြစ်ပါတယ်။ တစ်ဦးချင်းလဲ ဒီတရားကို လိုက်နာကျင့်ကြံနိုင်သလို မိသားစုတိုင်း၊ အသင်းအဖွဲ့၊ အကြီးအကဲနဲ့ အဖွဲ့ဝင်တိုင်းလဲ ကျင့်ကြံနိုင်ကြပါတယ်။ ❖**

ကျွန်တော့်ဇနီးက ကိုလေး မင်းမှာဝင်ငွေတွေကောင်းလှချည်လားလို့ တစ်ခါတော့မေးပြောပြောတယ်။ အဲဒီအခါ သူက အန်တီရယ် ရတော့ရပါတယ်။ ကားကလဲ တစ်ခါတစ်ရံပြင်ရပါသေးတယ်လို့ပဲဖြေခဲ့တယ်။ သူဘယ်လောက်လုပ်ရသလဲဆို ခရီးသည်ကို လိုက်မရှာရဘူး။ သူ့မှာ ခေါ်သူတွေက ပေါလွန်းလို့ နေ့၊ ည အားရတယ်မရှိပါဘူး။ အမြဲမောင်းနေရတာ။

ဒီလောက် စိတ်ကောင်းနှလုံးကောင်းရှိပြီး တစ်ရပ်ကွက်လုံးက ချစ်ခင်နေကြတဲ့ကိုလေးကို ရက်စက်ယုတ်မာလှတဲ့ ကိုဗစ်-၁၉ ရောဂါက မညှာမတာနှိပ်စက်ခဲ့တယ်။ အဲဒီကပ်ရောဂါဘေးဆိုးကြောင့် သူဟာ ၂၀၂၁ ခုနှစ် ဩဂုတ် ၅ ရက်မှာ ကွယ်လွန်ရရှာတယ်။

ဒါပေမဲ့ ကျန်းမာရေးစည်းကမ်းအရ သူ့ကိုဘယ်သူမှလိုက်ပို့ခွင့်မရခဲ့ကြဘူး။ သူ့နာရေးသတင်းကြားရတော့ အားလုံးဝမ်းနည်းကြေကွဲကြရတယ်။ တသသဖြစ်ပြီး ကျန်ရစ်ခဲ့ကြရတယ်။

သူကွယ်လွန်တော့ သူ့ရဲ့မြန်မာ့စီးပွားရေးဘဏ်ငွေစုစာအုပ်မှာ ကျပ်သိန်း ၁၀၀၀ စုဆောင်းထားတာတွေ့ရတယ်။ သူ့ရဲ့စီးပွားရေးက အဲဒီလောက်တိုးတက်တာ။ သူ့ရှိစဉ်က ကြီးကြီးကျယ်ကျယ် လှူသွားတာတော့မရှိပါ။ ဒါပေမဲ့ သူတတ်စွမ်းသမျှတော့ စားစရာတွေ၊ ဝတ္ထုပစ္စည်းလေးတွေ၊ လုပ်အားဒါနတွေကို အချိန်နဲ့အမျှ ဝေငှပေးကမ်းသွားပါတယ်။ သူ့ရဲ့ငွေတွေကို ကျန်ရစ်သူမိသားစုတွေအတွက် ထားရစ်ခဲ့ပါတယ်။ လောကကောင်းကျိုးဆောင်ရွက်သွားပါတယ်။

ကိုလေးကို အများချစ်ခင်ပြီး စီးပွားဥစ္စာတိုးတက်ရတာဟာ မြတ်ဘုရားဟော သင်္ဂဟဝတ္ထုလေးပါးကို တိတိကျကျလိုက်နာလို့ဖြစ်ပါတယ်။ အဲဒီတရားတွေကတော့-

ပထမ- ပေးကမ်းလှူဒါန်းခြင်း

ဒုတိယ- နူးညံ့ကြင်နာချစ်ဖွယ်စွာပြောဆိုခြင်း

တတိယ- အရေးကိစ္စများတွင် ကူညီလုပ်ဆောင်ပေးခြင်း

စတုတ္ထ- တန်းတူဆက်ဆံခြင်းတို့ပဲဖြစ်ပါတယ်။

တစ်ဦးချင်းလဲ ဒီတရားကိုလိုက်နာကျင့်ကြံနိုင်သလို မိသားစုတိုင်း၊ အသင်းအဖွဲ့၊ အကြီးအကဲနဲ့ အဖွဲ့ဝင်တိုင်းလဲ ကျင့်ကြံနိုင်ကြပါတယ်။ တိကျစွာနဲ့ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွဆောင်ရွက်ကြခြင်းဖြင့် စိတ်ချမ်းသာမှုရရှိကြမှာဖြစ်ပါတယ်။ အများကလဲ ချစ်ခင်ပြီး ကိုယ့်စီးပွားရေး၊ ကြီးပွားရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးကြမှာပါလို့ ပြောကြားပါတယ်။

အများကချစ်ခင်ရင် ကိုယ့်စီးပွားရေးတိုးတက်လာမှာအမှန်ပါ။ ကိုလေးရဲ့လုပ်ရပ်သာကြည့်ပါ။

**ကိုးကား**

**– "စည်းရုံးရေးအတတ်ပညာ" မောင်မောင်လင်း (သံအမတ်ကြီး)**

**၂၂-၂-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ**

# ကျောက်ပန်းတောင်းမြို့နယ် တောဇချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

**ကျောက်ပန်းတောင်း မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျောက်ပန်းတောင်းမြို့နယ် တောဇချောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို မတ် ၂၁ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တောဇချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် လမ်းရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တောဇချောင်းကျေးရွာ၌ အရှည် ၅၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၃၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ



ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

# သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သော မီးရထားစီးခြင်းအကြောင်း

လူသားတို့သည် နေ့စဉ်အလုပ်၊ ကျောင်းစသော နိစ္စဓူဝအလုပ်များ၏ သွားလာရေးအတွက် စက်တပ်ယာဉ်အမျိုးမျိုးကို သုံးကြသည်။ ထိုသို့ အသုံးပြုလေ့ရှိကြသောစက်တပ်ယာဉ်များစွာထဲမှ မီးရထားသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းမှုအနည်းဆုံးဖြစ်သော စက်တပ်ယာဉ်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် ယခုအခါ မီးရထားများအကြောင်းကို ဗဟုသုတအနေဖြင့် ဖော်ပြပေးလိုသည်။ မီးရထားကို ကုန်စည်များနှင့် ခရီးသည်များ တစ်နေရာမှ တစ်နေရာသို့ သွားလာရန်၊ သယ်ယူပို့ဆောင်ရန်အတွက် အသုံးပြုလေ့ရှိကြသည်။ မီးရထားကို စက်ခေါင်းဖြင့် ထိန်းချုပ်မောင်းနှင်ကြသကဲ့သို့ တွဲဆိုင်းများတစ်ခုချင်းစီဖြင့် မောင်းနှင်ခြင်းများလည်းရှိသည်။ ထိုသို့မောင်းနှင်သော မီးရထားများသွားရာသံလမ်းသည် အသေဆင်ထားသော သံလမ်းဖြစ်ပြီး ၎င်းသံလမ်းပေါ်တွင် ပြေးဆွဲမောင်းနှင်လေ့ရှိသည်။ ပုံမှန်အားဖြင့် မီးရထားသံလမ်းတို့သည် နှစ်ခုအပြိုင်ယှဉ်တွဲတပ်ဆင်လေ့ရှိသော်လည်း မိုနိုရေး(Monorail)မီးရထားသံလမ်းမှာမူ သံလမ်းအကြီးတစ်ခုတည်းရှိသည်။ ထို့ပြင် သံလိုက်ဖြင့်ထိန်းချုပ်မောင်းနှင်သော(Maglev) မီးရထားသံလမ်းများလည်းရှိသည်။

၁၉ ရာစုအစောပိုင်းမှ ၂၀ ရာစုအလယ်ပိုင်းထိ မီးရထားတွင် ရေနွေးငွေ့ဖြင့်မောင်းနှင်သော မီးရထားစက်ခေါင်းများကို အသုံးပြုကြသော်လည်း ယနေ့ခေတ်ရထားများတွင်မူ ဒီဇယ်စက်ခေါင်းများ၊ လျှပ်စစ်ဓာတ်အားဖြင့် ဆက်သွယ်ပြေးဆွဲသောနည်းများအသုံးပြု၍ မီးရထားများကို မောင်းနှင်လာကြသည်။ ထို့ပြင် မီးရထားကို ကမ္ဘာ့ဆွဲအားနှင့် ဓာတ်ငွေ့တာဘိုင်တို့ကိုသုံး၍လည်း မောင်းနှင်ကြသည်။ ရထားအမျိုးအစားပေါင်းများစွာရှိသည်။ ၎င်းတို့မှာ ခရီးသည်တင်ရထား၊ ခရီးဝေးသွားရထား၊ အမြန်နှုန်းမြင့်ရထား၊ မြို့ပတ်ရထား၊ လေဆိပ်ရထား၊ ကုန်စည်ရထားအစရှိသဖြင့် ဖြစ်သည်။

မီးရထားများသည် ခရီးသွားလာရာတွင် အထိရောက်ဆုံးနှင့် ကုန်ကျစရိတ်အသက်သာဆုံး သယ်ယူပို့ဆောင်ရေးများထဲက တစ်ခုဖြစ်ကြောင်းနှင့် မြို့ပြတွင် မြန်နှုန်းမြင့်ရထားများကြောင့် ကြီးမားသောအကျိုးခံစားခွင့်များကို ရရှိနိုင်ကြောင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်သည့်အပြင် လေထုညစ်ညမ်းမှုကိုပါ လျှော့ချနိုင်ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ Amtrak စနစ်အသုံးပြုထားသော မီးရထားစနစ်သည် အမေရိကန်နိုင်ငံ၌ သုံးသည်ထက် ဥရောပနှင့် ဂျပန်နိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများတွင် အဆိုပါခရီးသည်တင်ရထားလမ်းစနစ်သုံးကွန်ရက်များသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ခရီးသွားပြည်သူများကို သက်သောင့်သက်သာရှိစေသည်။ ထိုကွန်ရက်စနစ်အသုံးပြုမှုသည် နေရာတိုင်းတွင် မရရှိနိုင်သေးသည့်အတွက် အဆင့်မြှင့်တင်မှုများ လိုအပ်နေသေးသည်။ ထိုသို့ ကွန်ရက်စနစ်အသုံးမပြုထားသော မီးရထားခရီးများသည် ခရီးလမ်းကြောင်းများရှည်ကာ အချိန်ကြန့်ကြာပြီး ယုံကြည်စိတ်ချရမှုလည်း နည်းပါးသည်။ ၎င်းစနစ်သုံးထားသည့် မီးရထားစနစ်သည် လေယာဉ်ဖြင့်ခရီးသွားခြင်းထက် ပို၍သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေသဟဇာတဖြစ်သော နည်းလမ်းဖြစ်ပြီး တစ်ခါတစ်ရံ အချိန်ကုန်ပိုမိုသက်သာစေသည်။ ထိုအကြောင်းအရာများသည် လေယာဉ်ပျံသန်းမည့်အစား ရထားဖြင့်သွားသင့်ကြောင်း စဉ်းစားရမည့်အကြောင်းရင်းများထဲမှ တချို့ဖြစ်သည်။

**ရထားများသည် စွမ်းအင်သုံးစွဲမှုကို လျှော့ချနိုင်ခြင်း**

အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ(IEA)၏ အဆိုအရ ရထားများသည် ကမ္ဘာပေါ်တွင် စက်တပ်ခရီးသည်တင်ယာဉ်သွားလာမှုများ၏ ရှစ်ရာခိုင်နှုန်းသာဖြစ်သော်လည်း ကမ္ဘာ့သယ်ယူပို့ဆောင်ရေးကြောင့် အသုံးပြုသည့်စွမ်းအင်၏လိုအပ်ချက်ထဲမှ နှစ်ရာခိုင်နှုန်းကိုသာ အသုံးပြုထားသည်ကို လေ့လာတွေ့ရှိရသည်။ ရထားသယ်ယူပို့ဆောင်ရေးဖြင့် ဆောင်ရွက်ပေးနိုင်သောဝန်ဆောင်မှုများကို လေယာဉ်များ၊ ကားများ၊ ထရပ်ကားများဖြင့်သာ ဆောင်ရွက်မည်ဆိုပါက အဆိုပါ သယ်ယူပို့ဆောင်ရေးဆိုင်ရာကြောင့် ထွက်ရှိလာနိုင်သော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် အာဖရိကတိုက်တစ်ခုလုံးမှ ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုနှင့် ညီမျှပြီး ၎င်းသည် ကားအစီးရေသန်း ၂၀၀ မှ နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှုနှင့်လည်း ညီမျှကြောင်း လေ့လာမှုများအရသိရသည်။

အမြန်ရထားများသွားလာမှုသည် ဒီဇယ်စက်ခေါင်းတပ်မီးရထားများမောင်းနှင်သွားလာမှုထက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပိုမိုနည်းပါးသည်ကိုလေ့လာတွေ့ရှိရပြီး အမြန်ရထား(HSR)များသည် အများအားဖြင့် လောင်စာဖြင့် လည်ပတ်မောင်းနှင်ခြင်းမဟုတ်ဘဲ လျှပ်စစ်မီးဖြင့်သာ လည်ပတ်မောင်းနှင်ခြင်းဖြစ်သည့်အတွက် အမြန်ရထားများကို အသုံးပြုခြင်းသည် အနာဂတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လုံးလုံးလျားလျားစွမ်းအင်ရရှိရန် လည်ပတ်မောင်းနှင်နိုင်မည့်အလားအလာရှိသည်။

**ကားဖြင့် ခရီးသွားခြင်းထက် ပိုမိုကောင်းမွန်သည့် ရထားဖြင့် ခရီးသွားခြင်း**

ရထားလမ်းခရီးသည် လိုက်ပါစီးနင်းသူခရီးသည်များကို ပိုမိုအပန်းပြေစေပြီး သဘာဝရှုခင်းများကို ခံစားနိုင်အောင် ဆောင်ကြဉ်းပေးထားသည့်အပြင် ရထားတစ်စီးသည် ပုံမှန်ကားတစ်စီးသယ်ယူပို့ဆောင်ခြင်းထက် ခရီးသည်နှင့်ကုန်စည်ကိုပိုမိုတင်ဆောင်နိုင်သဖြင့် အလုပ်ကို အမြန်ပြီးမြောက်စေသည့်အပြင် ရထားများကြောင့် စွမ်းအင်အသုံးပြုရမှု သက်သာပြီး အချိန်ကုန်လည်းသက်သာစေသည်။ ဆိုလိုသည်မှာ လူတစ်ဦးလျှင် ၎င်းတို့သွားလိုသောခရီးအတွက် စွမ်းအင်သုံးစွဲမှုသည် ရထားများနှင့်နှိုင်းယှဉ်ပါက ကားတစ်စီးထက် သုံးဆခန့် ပိုထိရောက်မှုရှိသည်။ ထို့ပြင် ကားများကိုပါရထားပေါ်တင်ပြီး သယ်ယူပို့ဆောင်လိုသည့်နေရာသို့ သယ်ယူသွားနိုင်သည်။ ထို့ပြင် ရထားများသည် အရှိန်အဟုန်မြင့်ပြီးလည်း မောင်းနှင်နိုင်သည်။

ဥရောပအခြေစိုက် Save A Train ဝက်ဘ်ဆိုက်သည် ဥရောပရှိ ရထားလက်မှတ်များကို ကြိုတင်မှာယူရာတွင် အသက်သာဆုံးနည်းလမ်းဖြစ်ပြီး ၎င်းဝက်ဘ်ဆိုက်၏အဆိုအရ ပုံမှန်ရထားလိုင်းတစ်ခုတွင် ပြေးဆွဲသောရထားတစ်စီးသည် တစ်နာရီလျှင် လူဦးရေ ၅၀၀၀၀ သယ်ဆောင်နိုင်ပြီး အဝေးပြေးလမ်းတွင် ပြေးဆွဲသောရထားတစ်စီးသည် တစ်နာရီလျှင် လူဦးရေ ၂၅၀၀ သာ စီးနင်းနိုင်သည်။ အဝေးပြေးလမ်းတွင် မီးရထားပြေးဆွဲရာ၌ ယာဉ်ကြောပိတ်ဆို့မှုများ ကြုံတွေ့ရနိုင်သည်။ သို့သော်လည်း ထိုသို့ယာဉ်ကြောပိတ်ဆို့သဖြင့်ကြာသောအချိန်တွင် ခရီးသည်များသည် ကိုယ်တိုင်ကားမောင်းနေခြင်းမဟုတ်သည့်အတွက် ရထားစီးစဉ်တွင် စာဖတ်ခြင်း၊ အဆုံးမသတ်သေးသော အလုပ်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်း၊ နောက်ခရီးစဉ်ကို ဘွတ်ကင်လုပ်ခြင်း၊ မိတ်ကပ်လိမ်းခြင်း၊ တစ်ရေးတစ်မောအိပ်စက်ခြင်းများ ပြုလုပ်နိုင်သည်။

**ရထားဖြင့်ခရီးသွားခြင်းက အချိန်ကုန်၊ ငွေကုန် သက်သာခြင်း**

အမြန်ရထား(HSR)စီးခြင်းသည် အထူးသဖြင့် ရှည်လျားသောအကွာအဝေးခရီးစဉ်များတွင် လေယာဉ်များထက်အချိန်ကုန်သက်သာသည်။ သို့သော်လည်း ထိုသို့အချိန်ကုန်သက်သာခြင်းသည် အမြဲတမ်းတော့မဟုတ်ချေ။ ဥပမာအားဖြင့်ဆိုရလျှင် ကိုဗစ်ရောဂါကြောင့် ဝါရှင်တန်ဒီစီနှင့် နယူးယောက်စီးတီးကြားပြေးဆွဲသော Acela ကားဖြင့်ခရီးသွားအမြန်ဝန်ဆောင်မှုကို ခေတ္တဆိုင်းငံ့ထားသော်လည်း Amtrak စနစ်သုံးရထားပြေးဆွဲခြင်းကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင်စတင်ခဲ့ပြီး ၎င်းမီးရထားခရီးစဉ်သည် ယခင်က ကားဖြင့်ခရီးသွားခြင်းထက် ခရီးသွားချိန်ကို နှစ်နာရီနှင့် ၃၅ မိနစ်သာ လျှော့ချပေးနိုင်သည်။

**တိုးတက်လာမည့် မီးရထားလမ်းများ**

ဆိုးရွားလာသောရာသီဥတုအခြေအနေများကြောင့် အနာဂတ်တွင် နိုင်ငံများကြား၌ ရထားစီးသူခရီးသည်ဦးရေသည် လာမည့်ဆယ်စုနှစ်အတွင်း တိုးမြင့်လာနိုင်သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံသည် တိုးတက်ရန်အလားအလာရှိနေသော ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ ရထားလမ်းများအတွက် အမေရိကန်ဒေါ်လာ တစ်ထရီလီယံ တန်ဖိုးရှိသော အခြေခံအဆောက်အအုံဥပဒေကြမ်းကို အတည်ပြုခဲ့ခြင်းကြောင့် Amtrak စနစ်သုံးအမြန်မီးရထားများသည် အနာဂတ်တွင် ပိုမိုကောင်းမွန်ခြင်းများဆီသို့ ဦးတည်နေသည်။

ယခုအခါ Hudson မြစ်အောက်ရှိ ရထားဥမင်လိုဏ်ခေါင်းကိုတည်ဆောက်နေပြီဖြစ်ပြီး နယူးယောက်နှင့် နယူးဂျာစီတို့တွင် မီးရထားဝန်ဆောင်မှုကို မြှင့်တင်ပေးမည့် Amtrak Gateway ပရိုဂရမ်ကို စတင်နေပြီဖြစ်သည်။ နယူးယောက်စီးတီးရှိ Penn ဘူတာရုံကိုလည်း တိုးချဲ့ခဲ့သည်။ အမေရိကန်နိုင်ငံရှိ အမြန်ရထားများသည် ဒါးလတ်စ်မြို့၊ ဟူစတန်မြို့နှင့် ဆန်အန်တိုနီယိုမြို့ကဲ့သို့ လူဦးရေအထူထပ်ဆုံးသောမြို့များကို ချိတ်ဆက်သွားမည်ဖြစ်သည်။ ထို့ပြင် လော့စ်အိန်ဂျလိစ်မြို့နှင့် လက်စ်ဗီးဂက်စ်မြို့၊ ချီကာဂိုနှင့် စိန့်လူးဝစ်မြို့၊ မွန်ထရီရယ်နှင့် နယူးယောက်စီးတီးမြို့တို့ကဲ့သို့ လေကြောင်းလမ်းကြောင်းများစွာရှိသောမြို့များကို ၂၀၃၀ပြည့်နှစ်တွင် အမြန်ရထားလမ်းများဖြင့် အစားထိုးပြေးဆွဲရန် စီစဉ်ထားသည်။ ထိုအစီအစဉ်တွင် ဒေသဆိုင်ရာနှင့် ခရီးဝေးရထားလမ်းများ၊ မက်ထရိုစနစ်များ၊ အမြန်မီးရထားများ၊ မီးရထားလမ်းများပါရှိမည်ဖြစ်ပြီး အဆိုပါအစီအစဉ်ကြောင့် အမေရိကန်နိုင်ငံကို ကားများပေါ်တွင်မှီခိုခြင်းမှ ဝေးကွာအောင်ကူညီပေးနိုင်မည်ဖြစ်သည်။

ရထားခရီးသွားလာမှုသည် ကာဗွန်ခြေရာ များကို လျှော့ချနိုင်သည့်အပြင် ယာဉ်ကြောပိတ်ဆို့မှု၊ ကုန်ကျစရိတ်များ၊ မတော်တဆမှုများနှင့် စွမ်းအင်သုံးစွဲမှုကို တစ်ပြိုင်နက်တည်းလျှော့ချနိုင်သည့် တစ်ခုတည်းသော အလားအလာရှိသည့် သယ်ယူပို့ဆောင်ရေးဖြေရှင်းချက်ဖြစ်သည့်အတွက် အနာဂတ်တွင် အမြန်နှုန်းမြင့်ရထားခရီးသွားလာမှု ပိုမိုပျံ့နှံ့လာမည်ဟု မျှော်လင့်ကြောင်း ရေးသားအပ်ပါသည်။

❖ ရထားလမ်းခရီးသည် လိုက်ပါစီးနင်းသူခရီးသည်များကို ပိုမိုအပန်းပြေစေပြီး သဘာဝရှုခင်းများကိုခံစားနိုင်အောင် ဆောင်ကြဉ်းပေးထားသည့်အပြင် ရထားတစ်စီးသည် ပုံမှန်ကားတစ်စီးသယ်ယူပို့ဆောင်ခြင်းထက် ခရီးသည်နှင့်ကုန်စည်ကို ပိုမိုတင်ဆောင်နိုင်သဖြင့် အလုပ်ကို အမြန်ပြီးမြောက်စေသည့်အပြင် ရထားများကြောင့် စွမ်းအင်အသုံးပြုရမှု သက်သာပြီးအချိန်ကုန်လည်းသက်သာစေသည်။ ဆိုလိုသည်မှာလူတစ်ဦးလျှင် ၎င်းတို့သွားလိုသောခရီးအတွက်စွမ်းအင်သုံးစွဲမှုသည် ရထားများနှင့်နှိုင်းယှဉ်ပါက ကားတစ်စီးထက် သုံးဆခန့် ပိုထိရောက်မှုရှိသည်။ ❖

**How train travel can be good for the environment ကို ဘာသာပြန်ဆိုထားပါသည်။**

**မေဇင်ထွန်း**

# မင်းပြားမြို့နယ် ပြိုင်းတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းပြား မတ် ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် ပြိုင်းတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ ပြိုင်းတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ကျေးရွာရေကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတန်ဖိုးထားထိန်းသိမ်းရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

မင်းပြားမြို့နယ် ပြိုင်းတောကျေးရွာ၌ အလျားပေ ၁၂၀၊ အနံပေ ၁၀၀၊ အနက်ခြောက်ပေ မြေသားရေကန်တူးဖော်ခြင်းနှင့် အရှည်ပေ ၆၅၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စု(မွမ်းမံ)ရန်ပုံငွေကျပ် ၁၄ ဒသမ ၄၂ သန်းဖြင့် ကျော်စွမ်းရည်ထက်ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးသွားသဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၁၅ အိမ်၊ လူဦးရေ ၁၁၂၈ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

- နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်…
- အလားတူ ဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်…
- နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ်ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိ…
- အကြမ်းဖက်မှုဖြစ်စဉ်များလျော့နည်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပြုလုပ်သော မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. Igor Krasnov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. Igor Krasnov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. Igor Krasnov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးဆိုင်ရာ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

